ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (10-7-2015) (၈၂၅၇)

**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ လိုအပ်ချက်များဖြည့်ဆည်းပေး

**လားရှိုး ဇူလိုင် ၉**

လားရှိုးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ် (လားရှိုး)၌ ကျင်းပသည့် လားရှိုးမြို့နယ် ကျေးရွာအုပ်စု ၂၇ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ဒီမိုကရေစီအစိုးရသက်တမ်း ၄ နှစ်ကျော်ကာလအတွင်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့သွားရောက်မှုနှင့်အတူ ရှမ်းပြည်နယ်မှ ရပ်မိရပ်ဖများနှင့်လည်းတွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုလည်း ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ဒေသအလိုက်လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

ယမန်နေ့က လားရှိုးမြို့တော်ခန်းမတွင် ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် သမဝါယမအသင်းဝင်များကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထောက်ပံ့ပေးအပ်ခြင်းနှင့် ထွန်စက်အမျိုးမျိုး၊ သုံးဘီးဆိုင်ကယ်၊ အပ်ချုပ်စက် အစရှိသည့် လယ်ယာသုံးစက်ကိရိယာများနှင့် အခြားလုပ်ငန်းသုံးစက်ကိရိယာများကို ဈေးနှုန်းအသက်သာဆုံး အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးခဲ့ပါကြောင်း။

ထို့အတူ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



**ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှအတည်ပြုပါဝင်**

သတင်း စာမျက်နှာ » ၃

# ဂျပန်နည်းပညာအကူအညီရယူ၍ ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောင်ရွက်မည်

ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီရယူ၍ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ မြန်မာနိုင်ငံတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အနာဂတ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းရန် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန်နှင့် ကာဗွန်ထုတ်လုပ်မှု မြင့်မားခြင်းမရှိစေရန်အတွက် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် အဆင့်မြင့်နည်းပညာများ ရယူအသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ရှမ်းပြည်နယ် တီကျစ်မြို့တွင် ၂၀၀၅ ခုနှစ်က တည်ဆောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပေးလျက်ရှိသည်ဟု သိရသည်။ ဆက်လက်၍ ပုဂ္ဂလိကနှင့် ပူးပေါင်း၍ ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းဆောင်ရွက်ဆဲအနေအထားအရ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း ၁၁ ခုရှိကြောင်း သိရသည်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀ ထွက်ရှိမည့် စက်ရုံတစ်ရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံတစ်ရုံတို့ကို တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီး ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် မဂ္ဂါဝပ် ၅၀၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

**မြန်မာနိုင်ငံအနေဖြင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော အဆင့်မြင့်နည်းပညာများ အသုံးပြုဆောင်ရွက်သွားနိုင်ရန် ဦးတည်ဆောင်ရွက်သွားမည်။**



ကြေးမုံစာတည်းရှုထောင့် ၁၀-၇-၂၀၁၅၊ သောကြာနေ့

# မိုးလား၊ လေလား သတိထား

လက်ရှိအချိန်မှာ မိုးရာသီကာလဖြစ်ပါသည်။ မိုးရာသီဟု ဆိုသော်လည်း ရာသီဉတုဖြစ်စဉ်များအရ ပုံမှန်ရွာသွန်းလေ့ရှိသည့် မိုးရာသီမဟုတ်တော့ပါ။ မိုးလေခန့်မှန်းချက်အရ ဘင်္ဂလားဒေ့ရှ်အထက်ပိုင်းမှာ မိုးကောင်းသောကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသနှင့် ဆက်စပ်သည့်ဒေသများတွင် မိုးကောင်းနေသည်ဟု ဆိုထားကြသည်။ အမှန်တွင် အပူပိုင်းဒေသများမှာ အယ်နီညိုကဲ့သို့ရာသီဉတုဖြစ်စဉ်ကြောင့် မိုးခေါင်မည်ဟု ထင်မှတ်ရသော်လည်း ယခုကဲ့သို့မိုးကောင်းလာသည်မှာ မြန်မာနိုင်ငံအတွက် ကံကောင်းခြင်းဟု ဆိုနိုင်ပါသည်။

သို့သော် သတိပြုရမည့်အချက်မှာ လာမည့်ရာသီတွင် မြန်မာနိုင်ငံတွင် မိုးအလွန်ကောင်းလာခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ အရှေ့ဘက်ကျသည့် ပစိဖိတ်သမုဒ္ဒရာထဲတွင် မုန်တိုင်းသုံးလုံးဖြစ်ပေါ်နေပြီး ထိုမုန်တိုင်းထဲမှ နှစ်လုံးသည် ပိုမိုအားကောင်းလာပြီး တောင်တရုတ်ပင်လယ်မှ တရုတ်နိုင်ငံတောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်တော့မှာ ဖြစ်သောကြောင့်တည်း။

ထိုအခါ မြန်မာနိုင်ငံတွင် မိုးများကောင်းသထက် ကောင်းလာပေဦးမည်။ မြန်မာ့ကမ်းရိုးတန်းတွင်လည်း မိုးများ များသထက်များကာ လှိုင်းလေပြင်းထန်နေဦးမည်။ ယခုရက်ပိုင်းတွင် နာဆာဂြိုဟ်တုမှ ထောက်လှမ်းတွေ့ရှိချက်အရ မွန်၊ တနင်္သာရီ၊ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတို့တွင် အမြင့်ပေလေးပေ၊ ခြောက်ပေမှ ရှစ်ပေအထိ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်ဟုလည်း ဆိုထားသည်။

စံချိန်တင် မိုးရွာသွန်းခဲ့သောဒေသများမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့ဖြစ်ပြီး ရန်ကုန်၊ ပဲခူးအရှေ့တောင်ပိုင်းစွန်းနှင့် ဧရာဝတီအရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သည်။ ချင်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ မွန်ပြည်နယ်မြောက်ပိုင်း၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတောင်ပိုင်းတို့တွင် ရေဖုံးလွှမ်းခဲ့ပြီး ကျောက်ဖြူ၊ မင်္ဂလာဒုံ၊ ပဲခူး၊ မအူပင်၊ ပုသိမ်နှင့် သထုံတို့တွင် ရေဖုံးလွှမ်းမည့်အလားအလာများရှိနေသည်ဟု ဆိုထားသည်။

ထို့ကြောင့် ယခုမိုးရာသီကာလတွင် အဆိုပါဒေသများအတွက် ရေဘေးကြိုတင်ကာကွယ်ရမည့် အနေအထားများရှိလာသည်။ ယခုရက်ပိုင်းတွင်ပင် မိုးသည်းထန်မှုနှင့် လေပြင်းတိုက်မှုများကြောင့် အချို့ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်ကို တွေ့ရသည်။ နောက်ရက်များတွင် ယခုထက် ပိုများလာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် သတိထားကြရမည်ဖြစ်သည်။

မိုးရွာသွန်းမှု၊ မိုးများမှုသည် မိုးနည်းပါးသော ဒေသများနှင့် ရေလိုအပ်သောနေရာများအတွက် အကျိုးရလဒ်ကောင်းများဖြစ်ထွန်းနိုင်သော်လည်း လိုသည်ထက်ပိုမို၍ ရွာသွန်းလာပါက အန္တရာယ်မရှိအောင် ဆောင်ရွက်ထားကြဖို့မှာ ပြည်သူလူထုအားလုံး သတိရှိထားရမည့် အချက်ဖြစ်သည်။ ယခုမိုးလေဝသဖြစ်စဉ်များကြောင့် ရှေ့ဆက်၍ မိုးပိုမိုလာမည်မှာ သေချာပါသည်။ မိမိတို့ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်ထားကြဖို့ဖြစ်ပါသည်။

ကမ်းရိုးတန်းဒေသနေပြည်သူများအတွက် မိမိတို့ အသက်မွေးဝမ်းကျောင်း ရေလုပ်ငန်းများကို သတိပြုသွားလာ လုပ်ကိုင်ကြရမည်ဖြစ်သည်။ မိုးများသောဒေသနေ ပြည်သူများအနေဖြင့်လည်း ရေကြီးရေလျှံမှု၊ တောင်ကုန်းတောင်မြင့်များ ခိုင်ခံ့မှုမရှိသောအရာများ၊ မိမိတို့ စိုက်ပျိုးသီးနှံများနှင့် လျှပ်စစ်အန္တရာယ်များကို သတိထားကြရမည်ဖြစ်သည်။

အထူးသတိပြုကြရမည်မှာ မိုးရာသီကာလ ရေကြီးရေလျှံမှုဖြစ်နိုင်သောနေရာဒေသများ၌ ကျန်းမာရေးအတွက် အထူးအလေးထားကြရမည်ဖြစ်သည်။ ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ မဖြစ်ပွားနိုင်စေရန် ကျန်းမာရေးဌာန၏ သတိပေးညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြဖို့လိုအပ်ပေသည်။ မဖြစ်မီက ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပြီး မိုးရာသီကာလ မိုးကြီးစဉ်အချိန်၌ ဆောင်ရွက်ကြမည်ဆိုလျှင် အခက်အခဲပိုမိုဖြစ်နိုင်ပေသည်။

သို့ဖြစ်ရာ ယခုရာသီသည် မိုးရာသီဖြစ်သော်လည်း ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော သဘာဝဘေးအနေအထားများကြောင့် မိုး၊ လေပိုလာနိုင်သဖြင့် ပြည်သူများအနေဖြင့် ဘေးအန္တရာယ်မဖြစ်အောင် သတိပြုနေထိုင် ကြရမည်ဖြစ်သည်။ ။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၉

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၄၁၀၀၀ | - | ၇၄၁၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၄၀၅၀၀ | - | ၇၄၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၁၂၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၂၄၅. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၈၁. ၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၃. ၀၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၆. ၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၇. ၆၉၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၁၁. ၄၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၉၈၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၈၃၄. ၅၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၃၂. ၃၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း




# ကျေးလက်ဒေသအထိ ရုပ်သံမီဒီယာအားထားလာ

နည်းပညာ စွမ်းအားကြောင့် ကျေးလက်ဒေသအထိ သတင်းအချက်အလက် လျင်မြန်စွာပျံ့နှံ့လာခဲ့သည်။ လက်ကိုင်ဖုန်းများ အိမ်တိုင်းတွင် အသုံးပြုလာသလို တီဗွီ၊ ရေဒီယို FM များကို အသုံးပြုလာခဲ့သည်။ အသံလွှင့်ဌာနများစွာ ပေါ်ထွက်လာပြီး ပြည်သူများ အသိဉာဏ်တိုးပွားရေးအတွက် အခွင့်အလမ်းများစွာ ရရှိလာခဲ့သည်။

လက်ရှိကာလတွင် ကျေးလက်ဒေသအထိ လျှပ်စစ်မီးရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အချို့ဒေသများတွင် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်မီး ရရှိအောင် စွမ်းဆောင်လာနိုင်ပြီဖြစ်သည်။ နေရောင်ခြည်သုံး ဆိုလာစွမ်းအားသည် ပြည်သူများအကြားတွင် ကျယ်ပြန့်စွာ အသုံးပြုလာပြီး တိုးတက်မှု များပြားလာခဲ့သည်။ အသက်ကြီးသူများ သည်လည်း FM ရေဒီယိုဖြင့် တရားခွေများကို နာယူနေသည်ကို တွေ့မြင်နေရသည်။

တိုးတက်လာသော ခေတ်တွင် ဆိုင်ကယ်နှင့်ကားများ၊ သုံးဘီးဆိုင်ကယ်များကို သယ်ယူပို့ဆောင်မှုကဏ္ဍတွင် များစွာအသုံးပြုလာသည်။ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများတွင် ဒေသအခေါ် ခေါက်တီဗွီကလေးများကို များစွာအသုံးပြုလာသည်။ ကျေးလက်ဒေသ ထန်းလျက်တဲများတွင်ပင် အလုပ်အားလပ်သည့်အခါ အလွယ်တကူ တီဗွီကြည့်ခြင်းများရှိလာသည်အထိ ခေတ်မီလာကြသည်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ဆက်သွယ်ရေးကောင်းမွန်မှုများမှသည် အခြားစီးပွားရေး လူမှုကဏ္ဍများကို အကျိုးရှိစွာအသုံးချနိုင်ပါက အသိပညာများ ဖွံ့ဖြိုးတိုးတက်ကာ ကျေးလက်ဒေသများ အထိပင် တိုးတက်မြင့်မားလာမည်ဖြစ်သည်။ နည်းပညာအားကိုးဖြင့် အသိဉာဏ်နှင့်ဖွံ့ဖြိုးမှုကို အားထားအသုံးပြုပါက ထက်မြက်သော အသိပညာ တိုးတက်သောလူငယ်များ၊ တိုင်းပြည်အကျိုးဆောင်သူများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

**တိမ်တမန်**



ဥတုရာသီ တောကိုမို၏


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မုံရွာခရိုင်၊ အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ် ပစ္စည်းအမျိုးအမည်
၁။ အုတ်(ပထမတန်းစား)
၂။ ခွဲကျောက်(ချီပင်)
၃။ သစ်မာ
၄ တောသစ်
၅။ ကျောက်ကြီး(၆"-၉")
၆။ သဲ
၇။ ကျွန်းတံခါးရွက်(ဗီရိုဆံ)

တင်ဒါလျှောက်လွှာပိတ်ရက် ၃၁-၇-၂၀၁၅ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် ညနေ ၅း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ အရာတော်(၂) စီမံကိန်းရုံးတွင် ၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၉-၆၄၅၀၅၉၆**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ မြစ်ပေါက်-၂ (ဝမ်းပြည့်) လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ် ပစ္စည်းအမျိုးအမည်
၁။ အုတ်(ပထမတန်းစား)
၂။ ခွဲကျောက်
၃။ သဲ

တင်ဒါလျှောက်လွှာပိတ်ရက် ၃၁-၇-၂၀၁၅ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် ညနေ ၅း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်ရုံးတွင် ၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း ၀၇၂-၂၁၆၇၂**



## "မျိုးဝက်များ အမြန်ရောင်းချမည်"

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုမျိုးဝက်ထုတ်လုပ်ရေးနှင့် သုတေသနခြံမှ DYL အမျိုးအစားမျိုးဝက်များအား(၁၅-၇-၂၀၁၅) ရက်အတွင်း အမြန်ရောင်းချမည်ဖြစ်၍ မျိုးဝက်များအား အမှန်တကယ်မွေးမြူထုတ်လုပ်လိုသူများ လာရောက်ဝယ်ယူနိုင်ကြောင်းကြော်ငြာအပ်ပါသည်။

ရရှိနိုင်မည့်ဝက်အမျိုးအစားများ-
(၁) ဖိုးနှင့်မျိုးဝက်မကြီးများ
(၂) ကလေးနှင့်သားထိန်းဝက်မများ
(၃) မျိုးဝက်မဒမ်းများ
(၄) သားခွဲ/ကျင်းတက်ဝက်ငယ်များ

အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာအတိုင်းဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဒေါက်တာသိန်းဇော်**
**ထုံးဘိုမျိုးဝက်ထုတ်လုပ်ရေးနှင့်သုတေသနခြံ**
**မွေးမြူရေးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**Ph- 09-5262614**
**09-5135564**
**09-797347260**

ပြည်တွင်းရေးရာ

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံပိုင်နက်ပင်လယ်ပြင်ရှိ လှေစီးသွားလာသူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်၌ကျင်းပသည့် 4th Myanmar-Thailand Senior Staff Talk အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ ပူးတွဲစစ်ဆင်ရေးဆိုင်ရာ ညွှန်ကြားရေးမှူး Lt.Gen. Wanlop Rugsanaoh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Lt.Gen. Wanlop Rugsanaoh နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံကြည်းတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် Senior Staff Talk ဆွေးနွေးမှု၏ ရလဒ်ကောင်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ TBC, RBC, SST, HLC စသည့် နှစ်နိုင်ငံဆွေးနွေးပွဲအဆင့်ဆင့်ဖြင့် ထိတွေ့ဆက်ဆံမှုများ၏ ရလဒ်ကောင်းများမှတစ်ဆင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကိုပါ အထောက်အကူပြုသည်အထိ စံနမူနာပြပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံပိုင်နက်ပင်လယ်ပြင်ရှိ လှေစီးသွားလာသူကိစ္စရပ်များတွင် တပ်မတော်နှစ်ရပ် ပူးပေါင်းမှုကို ယခုထက်ပိုမို ဆောင်ရွက်နိုင်ရေး အပြန်အလှန်ဆွေးနွေးကြသည်။

**(မြဝတီ)**



# ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်

**သည်ဟိတ်သ် ဇူလိုင် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယ်သာလန်နိုင်ငံ သည်ဟိတ်သ်မြို့တွင် ကျင်းပလျက်ရှိသည့် (၇၉)ကြိမ်မြောက် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ အမှုဆောင်ကောင်စီ အစည်းအဝေးသို့ ဇူလိုင် ၉ ရက်တွင် တက်ရောက်ပြီး မိန့်ခွန်းတစ်ရပ်ပြောကြားသည်။**(ယာပုံ)**



ယင်းသို့ပြောကြားရာတွင် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးဆိုင်ရာ အဖွဲ့အစည်းသည် ကြေညာထားပြီးသော ကမ္ဘာ့ဓာတုလက်နက်များ၏ ၉၀ ရာခိုင်နှုန်းကို ဖျက်သိမ်းနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုပါကြောင်း၊ ထို့ကြောင့် ၎င်းအဖွဲ့အစည်းသည် ၂၀၁၃ ခုနှစ်၊ ငြိမ်းချမ်းရေးနိုဘယ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအကြောင်း အကျဉ်းမျှ ရှင်းလင်းပြောကြားရမည်ဆိုပါက ၂၀၁၁ ခုနှစ် မတ်လမှစတင်၍ နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင် ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ကြောင်း၊ ပြည်တွင်းဥပဒေများကိုလည်း ပြန်လည်သုံးသပ်လျက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေးနှင့် လက်နက်ဖျက် သိမ်းရေးဆိုင်ရာ စာချုပ်များကိုလည်း မြန်မာနိုင်ငံက တိုးတက်ပါဝင်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ သို့ဖြစ်၍ နျူကလီးယားလက်နက်မပြန့်ပွားရေးဆိုင်ရာ စာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ အတွင်းက အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကိုလည်း ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာနိုင်ငံ၏ ကမကထပြုမှုဖြင့် ၁၉၉၅ ခုနှစ်မှစတင်လျက် နှစ်စဉ်ချမှတ်နိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်ခဲ့ကြောင်း၊ ပြည်သူများ၏ နိုင်ငံရေး၊ လူမှုစီးပွားရေးဘဝများ တိုးတက်အောင် ဆောင်ရွက်နိုင်သည့်နည်းတူ လက်နက်ဖျက်သိမ်းရေးနယ်ပယ်တွင်လည်း တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခြင်းမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အောင်မြင်မှုရရှိနေကြောင်းကို ဖော်ပြခြင်းပင် ဖြစ်ကြောင်း။

ဓာတုလက်နက်စာချုပ်နှင့်ပတ်သက်၍လည်း စာချုပ်သို့ အတည်ပြုပါဝင်နိုင်ရန် အသိပညာပေးနှင့် နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အဆင့်ဆင့်ကို မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် မြန်မာနိုင်ငံ၏ သက်ဆိုင်သည့်အဖွဲ့အစည်းအားလုံးအနေဖြင့် စာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ နည်းပညာပိုင်းများကျေညက်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကလည်း ယင်းစာချုပ်သို့အတည်ပြုပါဝင်ရန် သဘောတူခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၎င်းစာချုပ် လက်မှတ်ရေးထိုးရန် စတင်ဖွင့်လှစ်ပြီး တစ်ရက်အကြာ ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ကနဦးပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် ပြည်တွင်းဦးစားပေးအခြေအနေများနှင့် စွမ်းဆောင်ရည် အကန့်အသတ်များကြောင့် ယခုစာချုပ်သို့ အတည်ပြုပါဝင်နိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံသည် ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်သည့် စာချွန်လွှာကို ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်က နယူးယောက်မြို့တွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဓာတုလက်နက်ကင်းစင်သည့် ကမ္ဘာကြီးတစ်ခုဖြစ်လာရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စာချုပ်သို့အတည်ပြုပါဝင်သည့် စာချွန်လွှာပေးအပ်ပြီး ရက်ပေါင်း ၃၀ ပြီးမြောက်သည့်ရက်တွင် မြန်မာနိုင်ငံအတွက် စာချုပ်စတင် အာဏာသက်ဝင်ပြီး စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်ခြင်းဖြင့် နိုင်ငံတကာစံနှုန်းများဆိုင်ရာ ပင်မရေစီးကြောင်းတွင် ပါဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ခြင်း၊ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အခြေခံမူများနှင့် သဘောထားများအား လိုက်နာမှုရှိခြင်း၊ နိုင်ငံများအကြား ယုံကြည်မှု တိုးပွားစေခြင်း စသဖြင့် နိုင်ငံတော်၏ပုံရိပ် ပိုမိုတိုးတက်လာမည်ဖြစ်သည်။

လုံခြုံရေးရှုထောင့်အရ မိမိနိုင်ငံအား ဓာတုလက်နက်ဖြင့် အသုံးပြုတိုက်ခိုက်ခြင်းခံရပါက စာချုပ်ဝင်နိုင်ငံများထံမှ အကူအညီများရရှိမည် ဖြစ်သည်။ ထို့အပြင် ပြည်တွင်း ဓာတုစက်မှုလုပ်ငန်းများအတွက် လိုအပ်သော ဓာတုပစ္စည်းများ၊ ပစ္စည်းကိရိယာများ၊ နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များ စသည်တို့အား တင်သွင်းခြင်း၊ လွှဲပြောင်းခြင်း၊ ဖလှယ်ရယူခြင်းတို့တွင်လည်း အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ စာချုပ်ဆိုင်ရာ အဖွဲ့အစည်းတွင်လည်း မြန်မာနိုင်ငံသားများ အလုပ်အကိုင်ရရှိရေးကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက်အထိ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ မှ အတည်ပြုပါဝင်ထားပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ ဂျပန်နည်းပညာမှ**

ထန်းတပင်မြို့နယ်တွင် မဂ္ဂါဝပ် ၂၇၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် (မနောလုံး)တွင် မဂ္ဂါဝပ် ၅၀၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းဒေသတွင် မဂ္ဂါဝပ် ၅၄၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ ကလေးဝဒေသတွင် မဂ္ဂါဝပ် ၅၄၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ မြိတ်မြို့တွင် မဂ္ဂါဝပ် ၁၈၀၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြစ်ဝဒေသတွင် မဂ္ဂါဝပ် ၂၆၄၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ ရေးမြို့နယ် အံဒင်ဒေသတွင် မဂ္ဂါဝပ် ၁၂၈၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံ၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် မဂ္ဂါဝပ် ၆၆၀ ထွက်ရှိမည့် ဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ရန် MoU၊ MoA များ လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နေပြီး အနာဂတ်လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အခြားသော နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်တို့သည် အလားအလာရှိသော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားသောကြောင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများသည် အလျင်အမြန်တည်ဆောက်နိုင်ပြီး ထုတ်လုပ်မှုစရိတ်နည်းပါးကြောင်း သိရသည်။ အနာဂတ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အဓိက အရင်းအမြစ်များအဖြစ် သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ အများဆုံးထုတ်လုပ်နိုင်မည်ဟု သိရသည်။

မြန်မာနိုင်ငံအား အကူအညီများပေးနေသည့် ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တတိယမြောက် အများဆုံးနိုင်ငံဖြစ်ပြီး ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် လိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ဂျပန်နိုင်ငံအနေဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန်နှင့်ကာဗွန်ထုတ်လုပ်မှု မြင့်မားခြင်းမရှိစေရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ယင်းကြောင့် နိုင်ငံတော်သမ္မတ၏ ဂျပန်နိုင်ငံခရီးစဉ်တွင် ဂျပန်နိုင်ငံရှိ ဟဲခိနန် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကာ ဂျပန်နိုင်ငံ၏ နည်းပညာများကို ရယူအသုံးပြု၍ ဂျပန်နိုင်ငံ ကုမ္ပဏီမှလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်ကိုလည်း ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ခရီးစဉ်တွင် အမျိုးသား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစီမံကိန်း အဆင့်(၂)အပါအဝင် မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းများအပါအဝင် ချေးငွေအကူအညီ ယန်းဘီလီယံ ၁၀၀ ကို ပေးအပ်ရန် ဂျပန်နိုင်ငံအစိုးရက အတည်ပြုခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စီမံကိန်းပေါင်း ၅၀ အတွက် ODA Grant ဂျပန်ယန်း ၇၂ ဒသမ ၁၈ ဘီလီယံ ပေးအပ်ခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အထက်ပါ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို တည်ဆောက်အကောင်အထည်ဖော်နိုင်ပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၉၀၀၀ ကျော် တိုးတက်ရရှိမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော အဆင့်မြင့်နည်းပညာများအသုံးပြုဆောင်ရွက်သွားနိုင်ရန် ဦးတည်ဆောင်ရွက်သွားမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားဆောင်ရွက်နေသူများကမူ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို ကန့်ကွက်လျက်ရှိကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**



# အူဂါ မျိုးနွယ်စုဝင် ၁၀၀ ခန့်ကို တရုတ်နိုင်ငံသို့ ထိုင်းပို့ဆောင်

**ဗန်ကောက် ဇူလိုင် ၉**

ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော အူဂါမျိုးနွယ်စုဝင် လူ ၁၀၀ နီးပါးကို တရုတ်နိုင်ငံအတွင်းသို့ အတင်းအကျပ် ပြန်လည်ပို့ဆောင်မှုကို တူရကီနိုင်ငံက ဒေါသအမျက်ထွက်ခဲ့ကြောင်း၊ ယင်းအူဂါမျိုးနွယ်စုဝင်များမှာ တူရကီဘာသာစကားပြော လူနည်းစု မွတ်စလင်ဘာသာဝင်များဖြစ်ကြောင်း၊ တရုတ်အစိုးရ၏ ဘာသာရေးအရ ခွဲခြားဆက်ဆံခံနေရသူများဖြစ်ကြောင်း တူရကီနိုင်ငံက ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှင်ကျန်းဒေသ၌ တရုတ်အစိုးရ၏ စိုးမိုးမှုကို ဆန့်ကျင်နေသည့် အူဂါမျိုးနွယ်စုဝင် ထောင်ပေါင်းများစွာတို့မှာ တရုတ်အစိုးရ၏ အရေးယူမှုကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး ရာနှင့်ချီသော အူဂါမျိုးနွယ်စုဝင်များ သေဆုံးခဲ့ဖွယ်ရှိကြောင်း ယုံကြည်ရသည်။

ထောင်ပေါင်းများစွာသော အူဂါမျိုးနွယ်စုဝင်များသည် အရှေ့တောင်အာရှဒေသများကို ခိုးကြောင်ခိုးဝှက် ဖြတ်ကျော်ကာ တူရကီနိုင်ငံသို့ ထွက်ပြေးလျက်ရှိကြသည်။

ထိုင်းနိုင်ငံသည် အူဂါမျိုးနွယ်စုဝင် ၁၀၀ ခန့်ကို ယမန်နေ့က တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ ထိုင်းနိုင်ငံသည် တရုတ်နှင့်တူရကီနိုင်ငံတို့နှင့်အတူ အူဂါအရေးကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန် လုပ်ကိုင်လျက်ရှိကြောင်း ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဝီဟာချွန် ဘူခွန်ဟာပီဆီဟက်က ပြောကြားသည်။ **ရိုက်တာ။**

# ဂျပန်လေလံပွဲ၌ စပျစ်ခိုင်တစ်ခိုင်အား စံချိန်တင်ဈေးဖြင့်ရောင်းချ

**တိုကျို ဇူလိုင် ၉**

ဂျပန်နိုင်ငံ အိုင်ရှီကာဝါစီရင်စုရှိ ကန်နာဇာဝါမြို့တော်မှ ထွက်ရှိသော Ruby Roman အမျိုးအစား စပျစ်ခိုင်တစ်ခိုင်မှာ ယင်းမြို့တော်ရှိ လက်ကားဈေးတစ်ခု၌ ကျင်းပခဲ့သော ယခုနှစ်၏ ပထမဆုံး လေလံပွဲတွင် ရောင်းချခဲ့ရာ ယန်း ၁ သန်း (အမေရိကန်ဒေါ်လာ ၈၂၅၃ ဒေါ်လာနီးပါး) ရရှိခဲ့သည်။

အဆိုပါစံချိန်တင်ဈေးနှုန်းမှာ ယင်းသို့သော စပျစ်ခိုင်အား ပြီးခဲ့သည့်နှစ် လေလံပွဲ၌ ရောင်းချရာတွင် ရရှိခဲ့သော ယန်း ၅၅၀၀၀၀ ကို ကျော်လွန်သွားခဲ့သည်။ ထိပ်တန်းဈေးရရှိခဲ့သော ယင်းစပျစ်ခိုင်တွင် စပျစ်သီးအလုံး ၃၀ ပါဝင်ပြီး စုစုပေါင်းအလေးချိန် ၇၀၀ ဂရမ်နီးပါးရှိကာ လေလံပွဲ၌ ပြသထားသော အခြားစပျစ်ခိုင် ၃၁ ခိုင်မှာ ပျမ်းမျှအားဖြင့် အလေးချိန် ၆၀၀ ဂရမ်နီးပါးသာရှိသည်။

အနီရောင်ရှိပြီး သကြားပါဝင်မှု ၁၈ ရာခိုင်နှုန်းသာရှိသော အဆိုပါ စပျစ်သီးများကို ဒေသခံစိုက်ပျိုးရေးခြံများအား မြှင့်တင်ပေးရန် ကြိုးပမ်းမှုများအဖြစ် အိုင်ရှီကာဝါစီရင်စုက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ဒေသန္တရသတင်းများ၏အဆိုအရ Ruby Roman အမျိုးအစား



စပျစ်သီးအချို့ကို ဂေါက်သီးလုံးအရွယ်ထိ စိုက်ပျိုးကြသည်ဟုဆိုသည်။ အမေရိကန်ဒေါ်လာ ၈၀၀၀ ကျော်တန် ယင်းစပျစ်သီးများကို ညစာအချိုပွဲတစ်ခုအဖြစ် တည်ခင်းသွားမည်ဟု လက်ကားဆိုင်တစ်ခုမှ အဆိုပါစပျစ်ခိုင်ကို ဝယ်ယူခဲ့သည့် ကန်နာဇာဝါမြို့တော်ရှိ ဟိုတယ်တစ်ခုမှ စားဖိုမှူးကြီးတစ်ဦးဖြစ်ပြီး လေလံအောင်သူ မာဆာယူကီဟီရိုင်၏ ပြောကြားချက်ကို ကိုးကား၍ ကျိုဒိုသတင်းဌာနက ပြောကြားသည်။ **ဆင်ဟွာ။**

# မလေးရှားလေကြောင်း ခရီးသည်တင်လေယာဉ်ပစ်ချခံရမှု နိုင်ငံတကာခုံရုံးဖွဲ့ရန် ကုလအား တိုက်တွန်း

**ကွာလာလမ်ပူ ဇူလိုင် ၉**

ယူကရိန်းနိုင်ငံဝေဟင်အတွင်း ဖြတ်သန်းနေစဉ် မလေးရှားလေကြောင်း ခရီးသည်တင်လေယာဉ်တစ်စင်း ပစ်ချခံခဲ့ရမှုနှင့် ပတ်သက်၍ အပြစ်ရှိသူများကို ရုံးတင်စစ်ဆေးနိုင်ရေးအတွက် နိုင်ငံတကာ ခုံရုံးထူထောင်ရန် မလေးရှားအစိုးရက ကုလသမဂ္ဂအား တိုက်တွန်းလိုက်ကြောင်း ကုလသမဂ္ဂသတင်းရပ်ကွက်က ပြောကြားသည်။

မလေးရှားလေကြောင်းမှ ခရီးစဉ်အမှတ် အမ်အိပ်ချ် ၁၇ ပျံသန်းလာသည့် လေယာဉ်ပစ်ချခံရမှုနှင့် ပတ်သက်၍ တရားစီရင်စစ်ဆေးနိုင်မည့် နိုင်ငံတကာ ခုံရုံးဖွဲ့ရန် ဖော်ပြထားသော ကုလသမဂ္ဂဆုံးဖြတ်ချက်မူကြမ်းကို မလေးရှားနိုင်ငံက ဇူလိုင် ၉ ရက်တွင် ဖြန့်ဝေခဲ့သည်။

အဆိုပါခုံရုံး ထူထောင်ရန် အဆိုပြုချက်ကို ရုရှားနိုင်ငံက ကန့်ကွက်ခဲ့သော်လည်း ကုလသမဂ္ဂဆုံးဖြတ်ချက် ပေါ်ထွက်လာရန် မိမိတို့ ဆက်လက်လုပ်ဆောင်သွားမည်ဟု မလေးရှားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လွှန်ခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ကောင်းကင်ယံတွင် လွန်ခဲ့သည့်နှစ် ဇူလိုင် ၁၇ ရက်က ခရီးစဉ် ပျံသန်းနေသော မလေးရှားလေကြောင်း လေယာဉ်ပစ်ချခံရမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူ ၂၉၈ ဦးစလုံး သေဆုံးခဲ့ကြရသည်။ သေဆုံးသူ အများစုမှာ ဒတ်ချ်လူမျိုးများ ဖြစ်ကြသည်။

မလေးရှားလေကြောင်း ခရီးသည်တင်လေယာဉ်ကို ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ လှုပ်ရှားနေသော ခွဲထွက်ရေးသမားများက ပစ်ချခဲ့သည်ဟု သံသယပွားခဲ့ကြသည်။ ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းကို အသုံးပြုခဲ့ဖွယ်ရှိကြောင်း၊ ယင်းဒုံးကျည်ကို ရုရှားကထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။ **ရိုက်တာ။**

# ဆီးရီးယားစစ်ဘေးဒုက္ခသည် လေးသန်းကျော်ပြီဟု ကုလသမဂ္ဂပြောကြား

**နယူးယောက် ဇူလိုင် ၉**

ဆီးရီးယားနိုင်ငံ၏ စုစုပေါင်း လူဦးရေ ခြောက်ပုံတစ်ပုံနှင့်ညီမျှသည့် လေးသန်းကျော်အရေအတွက်ရှိ ပြည်သူများသည် ပြည်တွင်းစစ်ဘေးဒုက္ခကို ရှောင်တိမ်းရန်အတွက် နိုင်ငံမှထွက်ပြေးခဲ့ကြရကြောင်း ကုလသမဂ္ဂက ယနေ့ပြောကြားသည်။

တူရကီနိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့်ဝင်ရောက်လာကြသူများသည် ယခု ၁၀ လအတွင်း တစ်သန်းအထိ ရောက်ရှိပြီဖြစ်သည်။

၂၀၁၁ ခုနှစ် မတ်လတွင် လူထုအုံကြွမှု စတင်ဖြစ်ပွားခဲ့ချိန်ကတည်းက လူဦးရေခုနစ်သန်းကျော်ကို ဆီးရီးယားနိုင်ငံအတွင်းမှာပင် ရွှေ့ပြောင်းနေရာချပေးခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ အကြီးအကဲ အန်သိုနီယို ဂူတာရက်စ်က ၎င်းတို့၏ခေတ်တွင် အဆိုးရွားဆုံးသော လူသားပြဿနာဖြစ်သည်ဟု ပြောသည်။

လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း သေဆုံးခဲ့သူဦးရေမှာ ၂၃၀၀၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း လှုပ်ရှားသူများက ပြောသည်။

တူရကီနိုင်ငံသည် ဆီးရီးယားစစ်ဘေးဒုက္ခသည် အများဆုံးလက်ခံထားရှိပြီး အရေအတွက်အားဖြင့် ၁ ဒသမ ၈ သန်းရှိသည်။ နှစ်နိုင်ငံအကြား နယ်စပ်အနီး တိုက်ပွဲများအရှိန်မြင့်လာသဖြင့် ထွက်ပြေးလာမည့် ဒုက္ခသည်များအတွက် ပြင်ဆင်ထားသည်ဟုလည်း သတင်းများက ဆိုသည်။

အခြား ၁ ဒသမ ၂ သန်းသည် လက်ဘနွန်နိုင်ငံသို့ ထွက်ပြေးခဲ့ပြီး ၆၂၉၀၀၀ သည် ဂျော်ဒန်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။

ဆီးရီးယားဒုက္ခသည် ၁၃၇၀၀၀၏ သုံးပုံတစ်ပုံသည် ၂၀၁၅ခုနှစ် ပထမနှစ်ဝက်ကာလတွင် ဥရောပသို့သွားရန် မြေထဲပင်လယ်ကိုဖြတ်ကျော်သွားခဲ့ကြသည်။ ဥရောပ၌ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူအရေအတွက်မှာ စုစုပေါင်း ၂၇၀၀၀၀ ရှိပြီဖြစ်သည်။

၂၀၁၅ ခုနှစ်ကုန်တွင် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးသောစစ်ဘေးဒုက္ခသည် စုစုပေါင်း ၄ ဒသမ ၂၇ သန်းအထိရှိမည်ဟု မျှော်လင့်ရကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

**ရိုက်တာ။**

# နာဂါစကီမြို့ အဏုမြူဗုံးကြဲချခံရမှုအထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်လုပ်ရောင်းချ

**နာဂါစကီ ဇူလိုင် ၉**

ဒုတိယကမ္ဘာစစ်ကာလအတွင်း နာဂါစကီမြို့ အဏုမြူဗုံးကြဲချခံရမှု နှစ် (၇၀)ပြည့်အထိမ်းအမှတ်ကျင်းပရန် တစ်လအလိုတွင် ဂျပန်နိုင်ငံ၌ နာဂါစကီမြို့ အဏုမြူဗုံးကြဲချခံရမှုနှင့်ပတ်သက်သည့် တံဆိပ်ခေါင်းများ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ယင်းတံဆိပ်ခေါင်းများကို ဇူလိုင် ၉ ရက်တွင် စတင်ရောင်းချလျက်ရှိပြီး ယခုနှစ်တွင် ကျရောက်မည့် အထိမ်းအမှတ်နှစ်တွင် ငြိမ်းချမ်းရေးသဝဏ်လွှာတစ်ခုအနေဖြင့် ဖြန့်ဝေရောင်းချခြင်းဖြစ်သည်။ တံဆိပ်ခေါင်း ၁၀ ခုပါသည့် အရွက်တစ်ရွက်လျှင် ဂျပန် ယန်း ၈၂ ယန်းဖြင့် ရောင်းချလျက်ရှိသည်။

တံဆိပ်ခေါင်းပေါ်တွင် နာဂါစကီမြို့ ငြိမ်းချမ်းရေးပန်းခြံတွင်ရှိသည့် ငြိမ်းချမ်းရေးကျောက်တိုင်နှင့် လွန်ခဲ့သည့် နှစ် ၇၀ က အမေရိကန်တပ်ဖွဲ့က နာဂါစကီမြို့ပေါ်သို့ အဏုမြူဗုံးကြဲချခဲ့သည့် နံနက် ၁၁နာရီ ၂ မိနစ်ဆိုသည့် အချိန်အတိအကျဖော်ပြနေသော နာရီတစ်လုံးပုံတို့ကို ပုံနှိပ်ဖော်ပြထားသည်။ နောက်ထပ်တံဆိပ်ခေါင်းတစ်ခုပေါ်တွင် နာဂါစကီမြို့ရှိ ယူကာမိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတော်ကြီး အဏုမြူဗုံးဒဏ်ခံထားရပုံနှင့် ပြန်လည်တည်ဆောက်ထားသည့်ပုံများကို ဖော်ပြထားသည်။

နာဂါစကီမြို့ စာပို့ဌာနမှ တာဝန်ရှိသူတစ်ဦးက ယခုကဲ့သို့ တံဆိပ်ခေါင်းများ ထုတ်လုပ်ရောင်းချရခြင်းမှာ စစ်ပွဲနှင့်ပတ်သက်သည့် အမှတ်လက္ခဏာများ မေ့မှိန်ပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းရန်နှင့် အခြားမြို့များကို နျူကလီးယားဗုံးဖြင့် တိုက်ခိုက်ခြင်းမှ ကာကွယ်တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံ အသုံးပြုပြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ်အတွင်း၌ ဇွန် ၂၄ ရက်မှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှု၊ ရေကြီးရေလျှံမှု၊ ရေတိုက်စားမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လမ်းတံတားများ၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခဲ့ရာ ကယ်ဆယ်ရေးနှင့် ပြန်လည် ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မအီမြို့နယ်များတွင် လူ ခြောက်ဦးနှင့် တိရစ္ဆာန် ၂၅၀၅၅ ကောင်သေဆုံးခဲ့ပြီး စိုက်ပျိုးမြေ၂၅၆၄ ဧက၊ လူနေအိမ် ၅၉၂ လုံး၊ စာသင်ကျောင်းခုနစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ လမ်းပိုင်း ၄၂ နေရာနှင့် တံတား ၅၄ စင်းတို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။



အမ်း-စစ်တွေလမ်းပိုင်း အမ်းမြို့အထွက်နေရာတွင် ကတ္တရာလမ်းပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။ (နယ်စပ်ရေးရာ)

အဆိုပါ ပျက်စီးမှုများ၏ စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံအထိရှိခဲ့ပြီး ပုဏ္ဏားကျွန်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၂ သန်း၊ ရသေ့တောင်မြို့နယ်တွင် ငွေကျပ် ၃၇ ဒသမ ၅ သန်း၊ မြောက်ဦးမြို့နယ်တွင် ငွေကျပ် ၆၂ ဒသမ ၅၅ သန်း၊ ကျောက်တော်မြို့နယ်တွင် ငွေကျပ် ၃၂ ဒသမ ၉၆ သန်း၊ မင်းပြားမြို့နယ်တွင် ငွေကျပ် ၅၁ သန်း၊ သံတွဲမြို့နယ်တွင် ငွေကျပ် ၃၁၁ ဒသမ ၁ သန်း၊ တောင်ကုတ်မြို့နယ်တွင် ငွေကျပ် ၃၂၇ ဒသမ ၇၄ သန်း၊ ဂွမြို့နယ်တွင် ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မောင်တောမြို့နယ်တွင် ငွေကျပ် ၃၉၅ ဒသမ ၆ သန်း၊ ဘူးသီးတောင်မြို့နယ်တွင် ငွေကျပ် ၂၀၉ ဒသမ ၁၈ သန်း၊ ရမ်းဗြဲမြို့နယ်တွင် ၁၀၅ ဒသမ ၃၃ သန်း၊ မာန်အောင်မြို့နယ်တွင် သုည ဒသမ ၄ သန်း၊ အမ်းမြို့နယ်တွင် ငွေကျပ် ၁၃၈၈ ဒသမ ၅၇ သန်းနှင့် မအီမြို့နယ်တွင် ငွေကျပ် ၂၅၅ ဒသမ ၂၄ သန်းဖြစ်ကြောင်း သိရသည်။

**ထိုသို့ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်နိုင်ရန် နိုင်ငံတော်မှ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံ ခွင့်ပြုပေးခဲ့ရာ** လမ်းတံတားလုပ်ငန်းများတွင် ငွေကျပ် ၁၆၄၉ ဒသမ ၉၆ သန်း၊ စိုက်ပျိုးရေးဆိုင်ရာများတွင် ငွေကျပ် ၆၀ ဒသမ ၄ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများတွင် ငွေကျပ် ၈၉၁ ဒသမ ၁ သန်း၊ ရေကာတာလုပ်ငန်းများတွင် ငွေကျပ် ၄၅ သန်း၊ ပညာရေးဆိုင်ရာများတွင် ငွေကျပ် ၈၇ ဒသမ ၄ သန်း၊ သာသနာရေးဆိုင်ရာများတွင် ငွေကျပ် သန်း ၁၀၀၊ ကျန်းမာရေးဆိုင်ရာများတွင် ငွေကျပ် သန်း ၅၀ နှင့် မွေးမြူရေးဆိုင်ရာများတွင် ငွေကျပ် ၃၃၂ ဒသမ ၈၃ သန်းတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ဇွန် ၃၀ ရက်မှစတင်၍ သံတွဲ၊ တောင်ကုတ်၊ အမ်းမြို့နယ်များရှိ မြို့နယ်ရှိ လမ်းတံတားပျက်စီးမှု၊ စာသင်ကျောင်းနှင့်နေအိမ်ပျက်စီးမှု၊ ရွှေ့ပြောင်းနေရာချထားပေးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစားရသည့် ဒေသခံများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်အိတ်များ၊ အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ စာသင်ခုံများ၊ ကျောင်းသုံးပစ္စည်းများနှင့် အလှူငွေများပါဝင်သည့် စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၆ သန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မင်းဘူး-အမ်းလမ်း၊ တောင်ကုတ်-မအီလမ်းနှင့် သံတွဲ-ဂွလမ်းတို့တွင် လမ်းတံတားပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် လမ်းတံတားနှင့် တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများ ပေးအပ်ပြီး တံတားများနှင့် ချဉ်းကပ်လမ်းများ ပြင်ဆင်ခြင်း၊ လမ်းတာဖို့ခြင်း၊ ယာယီဘေလီတံတားများ တည်ဆောက်ခြင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရှောင်ကွင်းလမ်းများအတွက် ကျောက်ဖို့ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကြီးကြပ်ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းပိုင်းများမှာ ဇူလိုင် ၅ ရက်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများကလည်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲသွားရောက်ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**





တောင်ကုတ်-ကျောက်ဖြူလမ်း မိုင်တိုင်အမှတ် (၁၄/၆)၊ တံတားအမှတ် (၃/၁၂) ပျက်စီးမှုအား လမ်းအထူးအဖွဲ့ (၁၈)မှ ယန္တရားများဖြင့် ပြင်ဆင်ဆောင်ရွက်မှုကို တွေ့ရစဉ်။ (နယ်စပ်ရေးရာ)



မိုင်တိုင်အမှတ် (၆၂/၄) နှင့် (၆၂/၅)အကြားတွင် တောင်ပြိုပြီး လမ်းနိမ့်ကျပျက်စီးခြင်းကို ပြန်လည်ပြုပြင်နေစဉ်။ (ဆောက်လုပ်ရေး)

## ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၂/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး မြေနီကုန်း၊ ရှင်စောပုရပ်ကွက် စမ်းချောင်းလမ်း ၅ လွှာ (A)၊ အမှတ်(၁၅၀) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ**အား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၄)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အမျိုးသားတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၃/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

**အမျိုးသားတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက် မြင်သာအိမ်ရာစီမံကိန်း တိုက်အမှတ် (စီ)၊ အခန်းအမှတ်(၂၀၄)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **အမျိုးသားတိုးတက်ရေးပါတီ**အား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသားတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၅)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အနိမ့်ဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ဖို့ အချိန်သင့်ပြီလား

ဦးအေးချမ်း

အနိမ့်ဆုံးလုပ်ခသတ်မှတ်ရေး အမျိုးသားကော်မတီမှ လတ်တလော အဆိုပြုထားသော အလုပ်သမားတစ်ယောက်၏ အနိမ့်ဆုံးလုပ်ခလစာမှာ တစ်ရက်လျှင် ကျပ် ၃၆၀၀ ဖြစ်ပါသည်။ အနိမ့်ဆုံးလုပ်အားခချမှတ်ရန် အချိန် အမှန်တကယ်ရောက်ပြီလား (သို့မဟုတ်) အနိမ့်ဆုံးလုပ်အားခ အမှန်တကယ်လို၊ မလိုကို စုံစမ်းသုတေသနပြုရန်လိုသည့်အတွက်ကြောင့် ကျွန်တော် အောက်ပါဆောင်းပါးကို ရေးသားခဲ့ခြင်းဖြစ်ပါတယ်။

အနိမ့်ဆုံးလုပ်ခ ဘာကြောင့်လို ဆိုတာကတော့ အကြောင်းအမျိုးမျိုးရှိပါတယ်။ အများဆုံးပြောကြတာကတော့ နိုင်ငံတော်တော်များများမှာလည်း အနိမ့်ဆုံးလုပ်ခရှိပါတယ်။ ဆင်းရဲနွမ်းပါးသူတွေအတွက် စားဝတ်နေရေး ပြေလည်ရန် လိုအပ်ပါတယ်။ လူအားလုံးနီးပါးကတော့ အနိမ့်ဆုံးလုပ်ခကြောင့် မြန်မာပြည်ကို ဘယ်လိုသက်ရောက်မှုများရှိမလဲဆိုတာ သေချာစွာနားမလည်ဘဲနဲ့ အနိမ့်ဆုံးလခရှိကို ရှိရမယ်ဆိုတဲ့ဆန္ဒနဲ့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ အားလုံးနီးပါးကတော့ အနိမ့်ဆုံးလုပ်ခ ချမှတ်လိုက်ရင် မြန်မာတစ်ပြည်လုံး အတွင်းမှာ ဆင်းရဲနွမ်းပါးသူတွေကို အများဆုံးကူညီပေးနိုင်မယ်လို့ ထင်ကြပါတယ်။

ကျွမ်းကျင်မှုမရှိသူတွေ၊ ဘွဲ့လက်မှတ်(သို့) အတွေ့အကြုံမရှိသူတွေ ဥပမာအားဖြင့် သန့်ရှင်းရေးသမားတွေ၊ လက်ဖက်ရည်ဆိုင်မှာ လုပ်နေတဲ့ လူငယ်လေးတွေ မြို့ပေါ်တက်ပြီး အလုပ်ရှာကြတဲ့ ပညာမတတ်တဲ့ လူတန်းစားတွေကို စားဝတ်နေရေးပြေလည်အောင် လုပ်ပေးနိုင်မယ်လို့ ယူဆကြပါတယ်။

အစိုးရကိုအပြစ်ပြောဖို့၊ ရှုတ်ချဖို့နဲ့ အစိုးရက ဒီလူတန်းစားတွေအတွက်လည်း ဘာမှလုပ်မပေးဘူးဆိုပြီး ပြောဖို့ကတော့လွယ်လွယ်လေးပါ။ ပြောပြီးရင်လည်း ဒီအစိုးရလုပ်ရမယ့်ဟာက အနိမ့်ဆုံးလုပ်ခပဲသတ်မှတ်ပေးရမှာလို့ ပြောဖို့ကလွယ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနိမ့်ဆုံးလုပ်ခမရှိဘူးဆိုရင် ကုန်ဈေးနှုန်းတွေ အမြဲတက်နေတာနဲ့ ဆင်းရဲချမ်းသာမှုအဆင့်အတန်း ကွာဟလာပြီး သူတို့ရဲ့လခတွေက ဘယ်လိုမှ လက်လှမ်းမမီဖြစ်သွားမှာပဲ။

အနိမ့်ဆုံးလခက ဆင်းရဲနွမ်းပါးတဲ့လူတန်းစားကို ကူညီမယ်လို့ ထင်ပါသလား။

အနိမ့်ဆုံးလစာသတ်မှတ်ခြင်းကို ဘာကြောင့် မလုပ်သင့်လဲဆိုတာ အကြောင်းအရာတွေ အများကြီးရှိပါတယ်။

ဥပမာ- လူငယ်အလုပ်သမားတစ်ယောက် ဘွဲ့လက်မှတ်တွေလည်း ဘာမှမရှိ၊ အတွေ့အကြုံလည်းဘာမှမရှိ၊ အဲဒီတစ်ယောက်က အထည်ချုပ်စက်ရုံမှာ အလုပ်တစ်ခုကို လာရှာပြီဆိုရင် စက်ရုံပိုင်ရှင်က ဒီအလုပ်သမားဟာ အတွေ့အကြုံရှိတဲ့ လူတစ်ယောက်လို့လည်းမမြင်ဘူး။ အတွေ့အကြုံလည်းမရှိဘူး။ နှေးလည်းနှေးတယ်။ မှားတာတွေလည်း များမယ်ဆိုတာသိတယ်။ ဒါပေမယ့် အဲဒီစက်ရုံပိုင်ရှင်ဟာ ဘာမှမသိတဲ့အလုပ်သမားကို တကယ်တန်တဲ့ လခထက်များတဲ့ အနည်းဆုံးလစာငွေကို အတင်းပေးရမယ်ဆိုရင် ဒီစက်ရုံပိုင်ရှင်ဟာ အဲဒီလူကိုအလုပ်ခန့်တော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘဏ္ဍာရေးနဲ့ကြည့်လိုက်မယ်ဆိုရင် လက်မခံနိုင်တဲ့ အခြေအနေဖြစ်တယ်။ အလုပ်ရှင်က ဒီထက်ပိုတဲ့ အတွေ့အကြုံရှိတဲ့လူကို အရည်အချင်းရှိတဲ့လူ၊ စွမ်းရည်ရှိတဲ့လူ ဒီဈေးနဲ့ခန့်လို့ရလို့ပါ။ အဲလိုမျိုးအခြေအနေမှာ ရောက်မယ်ဆိုရင် ဒီလူငယ်၊ အရည်အချင်းမရှိသေးတဲ့ လူငယ်အလုပ်သမားဟာ အနည်းဆုံးလခထက် နည်းတဲ့လခနဲ့လုပ်ပြီး အတွေ့အကြုံများအောင်လုပ်နိုင်မယ့်အစား အခုသူ့ကိုအလုပ်ခန့်မယ့်သူ လုံးဝမရှိတော့ဘူး။ သူအခု အလုပ်လက်မဲ့ဖြစ်သွားပြီ။

ဒါဆိုရင် သူ့ရဲ့စားဝတ်နေရေး လူ့အဆင့်အတန်းကို ဘယ်လိုမြှင့်တင်မှာလဲ။ အစကတည်းက အလုပ်မရရင် ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေကိုရနိုင်မယ့် အခွင့်အလမ်းမရှိတော့ဘဲ ဘယ်လိုမှသူ့ရဲ့အဆင့်အတန်းကို တိုးတက်အောင် လုပ်နိုင်မယ်မထင်ဘူး။

အောက်မှာပြထားတဲ့ဇယားအရ ဥရောပအနောက်နိုင်ငံတွေကို ကြည့်လိုက်လို့ရှိရင် အလုပ်လက်မဲ့ရာခိုင်နှုန်းဟာ အနိမ့်ဆုံးလုပ်အားခရှိတဲ့ နိုင်ငံတွေက အနိမ့်ဆုံးလုပ်အားခမရှိတဲ့နိုင်ငံတွေထက် နှစ်ဆလောက်များနေပါတယ်။

**Minimum Wage and Jobless Rates in Western Europe**

| Country | Minimum Wage($) | Jobless Rate |
|---|---|---|
| Belgium | $11.69 | 8.9% |
| France | $12.09 | 11.1% |
| Greece | $5.06 | 27.3% |
| Ireland | $11.09 | 13.6% |
| Luxembourg | $14.24 | 5.9% |
| Netherlands | $10.93 | 7.0% |
| Portugal | $4.19 | 16.3% |
| Spain | $5.57 | 26.6% |
| UK | $10.02 | 7.5% |
| Average | | 13.8% |
| Medium | | 11.1% |
| | No Minimum Wage | |
| Austria | 0 | 4.9% |
| Denmark | 0 | 7.1% |
| Finland | 0 | 8.1% |
| Germany | 0 | 5.2% |
| Iceland | 0 | 4.7% |
| Italy | 0 | 12.5% |
| Norway | 0 | 3.5% |
| Sweden | 0 | 7.9% |
| Switzerland | 0 | 3.1% |
| Average | | 6.3% |
| Medium | | 5.2% |

(Source: Global Financial Data and Wikipedia, 2013)

အခုလတ်တလောအချိန်မှာ မြန်မာအလုပ်သမားတွေဟာ လုပ်ရည်ကိုင်ရည်ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံရှိဖို့လိုနေပါတယ်။ အနိမ့်ဆုံးလခသတ်မှတ်မှုဟာ ကျွမ်းကျင်မှုကို ပိုတိုးတက်အောင်လုပ်ဖို့ကို အားမပေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်သမားက ပိုမတိုးတက်လည်း ဒီအနိမ့်ဆုံးလခရနိုင်တယ်ဆိုတဲ့အတွက်ကြောင့် အဲဒီစိတ်မျိုးဖြစ်လာရင် သူက တိုးတက်ဖို့ဆိုတာ မကြိုးစားတော့ပါဘူး။ မတိုးတက်လည်း စားဝတ်နေရေးအဆင်ပြေနိုင်တဲ့ လခရနေမှာပဲဆိုပြီး ဘာမှသင်တန်းတွေလည်း ထပ်မတက်တော့ဘူး။ ဒီလိုပဲ အချိန်ဖြုန်း၊ တိုးတက်ရေးအတွက် ဘာမှမစဉ်းစားဘဲ နေတော့မှာပေ့ါ။

အနိမ့်ဆုံးလစာသတ်မှတ်မှုဟာ ငွေကြေးဖောင်းပွမှုကို ဖြစ်စေနိုင်တယ်။ အနိမ့်ဆုံးလစာ သတ်မှတ်လိုက်တာနဲ့ Cost-push Inflation ဖြစ်လာမှာပါ။ စက်ရုံတစ်ရုံဟာ စက်ရုံအလုပ်သမားတွေအားလုံးကို အနည်းဆုံး လခအထိ လစာတိုးမြှင့်လိုက်ပြီဆိုတာနဲ့ စက်ရုံရဲ့ အလုပ်သမားတွေဟာ ချက်ချင်းတက်သွားမယ်။ တက်သွားပြီဆိုရင် အဲဒီအလုပ်သမားလခတွေကို တစ်နေရာကနေ ပြန်ရအောင်လုပ်ရတော့မှာပဲ။ ဘယ်နေရာက ရမလဲဆိုရင်တော့ ထုတ်ကုန်တွေရဲ့ ရောင်းဈေးနှုန်းကို စက်ရုံကတိုးမြှင့်လိုက်မှာပဲ။ တိုးမြှင့်လိုက်ပြီဆိုတာနဲ့ စက်ရုံထုတ်ပစ္စည်းသုံးစွဲတဲ့သူတွေက ဈေးပိုပေးရတော့မယ်။ လက်ရှိမြန်မာပြည်ရဲ့ စီးပွားရေးအခြေအနေမှာ ကျွန်တော်တို့က ငွေကြေးဖောင်းပွမှုမြင့်တာကို လက်ခံနိုင်ဖို့ အခက်အခဲဖြစ်မှာ သေချာတယ်။

ကျွန်တော်ရဲ့ Global New Light of Myanmar June 14th Issue အင်္ဂလိပ်လိုရေးထားသော ဆောင်းပါးမှာလည်း ဖော်ပြထားပါတယ်။ ငွေကြေးဖောင်းပွမှုများတဲ့ နိုင်ငံရဲ့ပိုက်ဆံဟာ ငွေကြေးဖောင်းပွမှုသိပ်မရှိတဲ့ နိုင်ငံရဲ့ ပိုက်ဆံနဲ့ နှိုင်းယှဉ်လိုက်လို့ရှိရင် ငွေကြေးဖောင်းပွမှုများတဲ့ နိုင်ငံရဲ့ ပိုက်ဆံက တဖြည်းဖြည်း ဈေးကျလာမှာပါ။ အခုအချိန်မှာ ကျွန်တော်တို့ မြန်မာကျပ် တန်ဖိုးကျဖို့ လုံးဝမလိုလားပါဘူး။ သက်သေအနေနဲ့ ကြည့်လို့ရှိရင် အနည်းဆုံး လခသတ်မှတ်တဲ့ သတင်းကို သတင်းစာတွေထဲမှာ ပါလာတဲ့နေ့မှာ မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်ရေးနှုန်း ကျပ်ငါးဆယ်လောက်နီးပါး ကျသွားပါတယ်။ ငွေကြေးတန်ဖိုးကျတဲ့ အဓိပ္ပာယ်က တစ်ဒေါ်လာအတွက် မြန်မာကျပ်ငွေ ပိုပေးရတဲ့သဘောပါ။ ဒါလေးရာခိုင်နှုန်းနီးပါးပါ။

အနိမ့်ဆုံးလခသို့ တိုးတဲ့အခါ ဘယ်သူတွေရဲ့အကုန်အကျဖြစ်မယ်ဆိုတာတော့ ၁၀၀ ရာခိုင်နှုန်းနီးပါးက Business တွေကပဲ အနိမ့်ဆုံးလခရဲ့ဝန်ကို ထမ်းရမှာပါ။ လက်ရှိအချိန်မှာ သူတို့ကိုအနိမ့်ဆုံးလခရဲ့ဝန်ကို အကုန်လုံးထမ်းဖို့က ဖြစ်သင့်လား။

အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အများဆုံး လိုနေတဲ့အချိန်ပါ။ စက်ရုံတွေ ရင်းနှီးမြှုပ်နှံတဲ့လူတွေကို အနိမ့်ဆုံးလခရဲ့ဝန်ကို အကုန်ထမ်းဆောင်လိုက်ဖို့သင့်လားဆိုတာ စဉ်းစားသင့်ပါတယ်။ မြန်မာပြည်ရဲ့ စီးပွားရေးနည်းနည်းနှေးသွားတဲ့အချိန်မှာ ဘာကြောင့်နှေးသွားလဲဆိုတော့ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံမှုကျဆင်းနေလို့ပါ။

ရင်းနှီးမြှုပ်နှံမယ့်လူတွေကလည်း နီးလာတဲ့ရွေးကောက်ပွဲကို စောင့်ကြည့်နေတဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ နည်းနည်းနှေးကွေးနေတာပေ့ါ။ ဒီအနိမ့်ဆုံးလခရဲ့ဝန်ကို စီးပွားရေးလုပ်ငန်းများပဲ ထမ်းဆောင်ရမယ်ဆိုရင် သိပ်ပြီးမမျှတပါဘူး။ နိုင်ငံတော်ရဲ့ဝန်တွေဟာ လူထုတစ်ရပ်လုံးနဲ့ အခွန်ထမ်းဆောင်တဲ့ လူတွေအားလုံးကို မျှဝေပြီးဝန်ထမ်းရပါမယ်။ လူတွေအများကြီး မျှဝေထမ်းဆောင်ရမယ့်တာဝန်ကို စီးပွားရေးလုပ်ငန်းတွေပဲ ထမ်းဆောင်ရမှာမဟုတ်ပါဘူး။

ဒီဆင်းရဲနွမ်းပါးတဲ့လူတွေကိုလည်း ဒါမျိုးအနိမ့်ဆုံးလခပေးမယ့်အစား သူတို့ကို အခွန်ကင်းလွတ်ခွင့်တွေ၊ ပြန်ပေးတာတွေ၊ သင်တန်းတက်ဖို့ အခွင့်အလမ်းတွေ၊ သင်တန်းကို အလကားတက်ဖို့ Scholarship တွေ၊ အလုပ်သင်အစီအစဉ်တွေ လုပ်ပေးတာတွေပိုလုပ်ပေးရပါမယ်။ အဲဒီကုန်ကျစရိတ်တွေက အခွန်ပေးတဲ့ တစ်နိုင်ငံလုံး လူတွေဆီလာရမှာပါ။

အမေရိကန်နိုင်ငံကို ကြည့်လိုက်မယ်ဆိုရင် အနိမ့်ဆုံးဝင်ငွေက တော်တော်လေးကိုမြင့်ပါတယ်။ သို့သော်လည်း ဝင်ငွေကွာဟမှုနဲ့ လူမှုအသိုင်းအဝိုင်း မညီမျှမှုကို မလျှော့ချနိုင်ခဲ့ဘူး။ စင်ကာပူကိုကြည့်မယ်ဆိုရင် စင်ကာပူမှာ အနိမ့်ဆုံးလခမရှိပါဘူး။ သို့သော်လည်း သူတို့ရဲ့အလုပ်သမားတွေဟာ အမေရိကန်အလုပ်သမားတွေထက်ပိုပြီး ဝင်ငွေများတယ်။ သူတို့ရဲ့ ဝင်ငွေမညီမျှမှု၊ ဆင်းရဲသူနဲ့ ချမ်းသာသူ မညီမျှမှုဟာ အမေရိကန်ထက်စာရင် အများကြီးနည်းပါတယ်။

အထက်ပါအကြောင်းတွေကြောင့် ကျွန်တော်တို့ဟာ ဒီအနိမ့်ဆုံးလခရဲ့ ရေရှည်သက်ရောက်မှု ဘာတွေရှိလဲဆိုတာကို စဉ်းစားပြီးမှ အနိမ့်ဆုံးလခကို တကယ်လိုတာလား၊ မလိုတာလားဆိုတာ ဆုံးဖြတ်သင့်ပါတယ်။ တကယ်ကျတော့ အဲဒီအနည်းဆုံးလခကလည်း မလောက်တဲ့အတွက်ကြောင့် ဆန္ဒပြမှုတွေပိုများလာပြီး အခုဆိုရင် အနိမ့်ဆုံးလခကို စလိုက်တာနဲ့ ကျွန်တော်တို့ရဲ့ မြန်မာကျပ်ငွေဖောင်းပွမှုများလာပြီး ပိုပြီး ငွေလဲလှယ်မှုနှုန်းကျနိုင်တဲ့ အချိန်မှာ ဒီအနိမ့်ဆုံးလုပ်အားခကို သတ်မှတ်သင့်လားဆိုတာကို ပြန်လည်စဉ်းစားသင့်ပါတယ်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အကျိုးရှိမည်ဆိုလျှင် သင့်လျော်သည့်အချိန်တွင် သက်ပြည့်ပင်စင်သက်တမ်းကို တိုးမြှင့်ပေးသင့်ပါက တိုးမြှင့်ပေးနိုင်မည်ဖြစ်

**နေပြည်တော် ဇူလိုင် ၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၇၀) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဥပဒေကြမ်း(၅)ခုအား မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု၊ ကျေးရွာများတိုးချဲ့ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ အရေးကြီးအဆိုတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း(၃)ခုအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတို့အား လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်၊ မြောက်ဦးခရိုင်၊ အမ်းမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ သံတွဲမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ မိုးမိတ်ခရိုင်၊ ပင်လောင်းမြို့နယ်၊ မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ရမည်းသင်းခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ မြင်းခြံမြို့နယ်၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရပ်ကွက်


မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း။


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို။


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ။

ကျေးရွာအုပ်စုများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စုရှိ ကွမ်းမိုးဒိန်းကျေးရွာအားကွမ်းမိုးဒိန်းရပ်ကွက်အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ထုံးပုံကျေးရွာအုပ်စုမှ ကျားကျွန်းကျေးရွာ မြစ်ရေတိုက်စားခံရပြီး ကမ်းပြို၍ ပျက်စီးသွားသဖြင့် ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ်မှ ပယ်ဖျက်ခြင်း စသည့် ဆောင်ရွက်ချက်များအား လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ နိုင်ငံ့ဝန်ထမ်းများ၏ သက်တမ်းကို ယခုကျင့်သုံးနေသော အသက်(၆၀) နှစ် ပြည့်သည့်နေ့ရက်တွင် အငြိမ်းစားယူသည့်စနစ်ဖြင့်သာ ဆက်လက်ထားရှိရေး ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးက ဆွေးနွေးကြရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်းက နိုင်ငံ့ဝန်ထမ်းတစ်ဦးအား အသက် (၆၀) ပြည့်သော်လည်း ၎င်းတို့၏လုပ်ငန်းအတွေ့အကြုံများ၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများ၊ အတတ်ပညာ၊ အသိပညာများအပေါ် မူတည်၍ တာဝန်ဆက်လက်ထမ်းဆောင်စေမည်ဆိုပါက နိုင်ငံတော်အတွက်ရော သက်ဆိုင်ရာဌာနအတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ထမ်းဆောင်နိုင်သော အခြေအနေရှိသည့် ဝန်ထမ်းများအတွက် လိုအပ်ပါက ဆက်လက်တာဝန်ထမ်းဆောင်စေမည်ဆိုပါက နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအပြည့်အဝရရှိနိုင်မည့် အနေအထားဖြစ်ပြီး နိုင်ငံတကာ၌လည်း ကျန်းမာရေးကောင်းမွန်ပါက အသက် (၆၀) ကျော်နိုင်ငံ့ဝန်ထမ်းများအား ဆက်လက်တာဝန်ပေးအပ်ထားသည်ကို တွေ့ရပါကြောင်းဖြင့် ဆွေးနွေးသည်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက နိုင်ငံ့ဝန်ထမ်းများ၏ လုပ်သက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာတွင် အများအားဖြင့် အသက် (၆၀) နှစ် သတ်မှတ်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အသက် (၆၀) နှစ်ကျော် သတ်မှတ်မည်ဆိုလျှင် မျိုးဆက်သစ်ဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရန်နောက်ကျပြီး လုပ်ငန်းစွမ်းရည်ကျဆင်းမည့်အပြင် လူငယ်ဝန်ထမ်းများအတွက် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းစေနိုင်ပါကြောင်း၊ လူငယ်များအခြားနိုင်ငံများသို့ လုပ်ငန်းရှာဖွေရင်း ဦးနှောက်ယိုစီးမှု ပြဿနာများ ဖြစ်ပေါ်စေနိုင်သည်ကို သတိပြုရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်က ဝန်ထမ်းသက်တမ်းသုံးနှစ် တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြင့် အလုပ်အကိုင်ရှာဖွေစောင့်စားနေသည့် သုံးနှစ်စာဝန်ထမ်းလောင်းများ၏ အလုပ်လက်မဲ့ပြဿနာကို ပိုမိုကြီးထွားလာအောင် တွန်းအားတစ်ရပ်ဖြစ်လာမည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေမှန်များနှင့် ဝန်ထမ်းများ၏ သက်တမ်းကို တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြင့် ကြီးမားကျယ်ပြန့်သည့် စိန်ခေါ်မှုပြဿနာများကို ဆင်ခြင်သုံးသပ်နိုင်ရန် အကျိုးအကြောင်းညီညွတ်စွာတင်ပြသည့်အဆိုအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ဝန်ထမ်းတစ်ဦးအား အသက် (၆၀) ပြည့်သည့်အခါ ပင်စင်ပေးခြင်းဖြင့် ချို့ယွင်းမှုများနှင့် အားနည်းချက်များရှိမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ကောင်းမွန်သည့်အချက်များနှင့် အကျိုးကျေးဇူးများရှိနိုင်သည်ကိုလည်း ငြင်းပယ်၍ မရပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံတော်၏အကျိုး၊ နိုင်ငံ့ဝန်ထမ်းအများစုအတွက် အကျိုးရှိမည်ဆိုလျှင် သင့်လျော်သည့်အချိန်တွင် သက်ပြည့်ပင်စင်သက်တမ်းကို တိုးမြှင့်ပေးသင့်ပါက တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဘွိုင်လာဥပဒေကြမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းတို့အား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုကြသည်။ **(သတင်းစဉ်)**

## The Asian Banking and Finance အဖွဲ့အစည်းက ကမ္ဘောဇဘဏ်လီမိတက်အား ဘဏ်လုပ်ငန်းဆိုင်ရာဆု နှစ်ဆု ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၉**

စင်ကာပူနိုင်ငံအခြေစိုက် The Asian Banking and Finance အဖွဲ့အစည်းက ပေးအပ်သည့် "၂၀၁၅ ခုနှစ်အတွက် အာရှဒေသတစ်ဝန်းရှိ နိုင်ငံများအားလုံးမှ နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆု" ချီးမြှင့်ပွဲကို ဇူလိုင် ၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စင်ကာပူနိုင်ငံရှိ Shangri-La Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်က "Best Domestic Retail Bank of the Year in Myanmar 2015"နှင့် "Best Credit Card Initiative of the Year in Myanmar 2015" ဆုများကို ရရှိခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အာရှတိုက်အတွင်းရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ဘဏ်ဥက္ကဋ္ဌများ၊ CEO များ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်မှရရှိသော ဆုများကို ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းခမ်းနောင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

The Asian Banking and Finance အဖွဲ့အစည်းသည် စင်ကာပူနိုင်ငံတွင် အခြေစိုက်၍ နိုင်ငံတကာစီးပွားရေးနှင့် ဘဏ်လုပ်ငန်းများ၊ အရင်းအနှီးဈေးကွက်များကို ကမ္ဘာနှင့်အဝှမ်း အမြဲမပြတ်လေ့လာသုံးသပ်အကဲဖြတ်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ဤအဖွဲ့အစည်းမှ နှစ်စဉ် နိုင်ငံအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများကို အာရှဒေသတစ်ဝန်းရှိနိုင်ငံအားလုံးမှ အကောင်းဆုံးဘဏ်များအား ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသည်။

ကမ္ဘောဇဘဏ်အား Best Domestic Retail Bank of the Year in Myanmar 2015 ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ ခေတ်မီဘဏ်လုပ်ငန်းနှင့် နည်းပညာတိုးတက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအများဆုံးသယ်ပိုးထမ်းဆောင်နိုင်မှုနှင့် ပြည်သူများအတွက် အကျိုးပြုလုပ်ငန်းများတွင် အများဆုံးလှူဒါန်းပေးအပ်နိုင်မှု စသည်တို့ကြောင့်လည်းကောင်း၊ Best Credit Card Initiative of the Year in Myanmar 2015 ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ e-Commerce နှင့် online ငွေပေးချေမှုများအတွက် မြန်မာနိုင်ငံတွင် ပထမဆုံး Electronic Payment Gateway ဝန်ဆောင်မှုကို စတင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ online မှတစ်ဆင့် ရောင်းချသူများနှင့် ၎င်းတို့၏ Customer များအတွက် တိကျလျင်မြန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်း၊ Credit Card ဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများကြောင့်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။



ကမ္ဘောဇဘဏ် လီမိတက်သည် လက်ရှိကာလတွင် နိုင်ငံတွင်းဒေသအနှံ့အပြား၌ Mini-Bank ဘဏ် ၁၀၂ ခု အပါအဝင် ဘဏ်ခွဲပေါင်း ၃၃၀ ဖွင့်လှစ်ထားရှိပြီး ဝန်ထမ်းအင်အား ၁၄၀၀၀ ကျော်ဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်၍လည်း ယခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား၌ ဘဏ်ခွဲပေါင်း ၄၀၀ အထိ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် အဆင်သင့်စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဦးအောင်နိုင်မြင့်အား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကျေးရွာမီးလင်းရေးဆောင်ရွက်

**သံတောင်ကြီး ဇူလိုင် ၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မီးလင်းရေးစီမံကိန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၀ ဖြင့် YTY ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သော ပျားစခန်းကျေးရွာ၊ မယ်ဇလီကုန်း၊ သဒ္ဒေးကုန်း(သစ်)၊ ဂေတာခီးကျေးရွာများ မီးလင်းရေးလုပ်ငန်းများပြီးစီးပြီဖြစ်၍ မီးစတင်လွှတ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာများအနက် ဂေတာခီးကျေးရွာ၌ မီးတိုင်များ စိုက်ထူပြီးစီးသော်လည်း မီးကြိုးလုံလောက်မှုမရှိသဖြင့် မီးမရရှိသေးကြောင်း သိရသည်။ **စောမင်းသား(ပြန်/ဆက်)**

## မိုးစပါးချေးငွေများထုတ်ချေး

**လောင်းလုံး ဇူလိုင် ၉**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၅ရက်မှစတင်၍ လောင်းလုံးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၃၈အုပ်စုမှ တောင်သူလယ်သမားများအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာနှင့်ဝန်ထမ်းများက ထုတ်ချေးပေးရာ ဇူလိုင် ၈ ရက်အထိ ကျေးရွာ ၃၁ ရွာ၊ လယ်မြေဧက ၁၆၉၆၇ ဧကအတွက် မိုးစပါးချေးငွေ ငွေကျပ် ၁၆၉၆၇သိန်းထုတ်ချေးပေးကာ ကျန်ကျေးရွာခုနစ်ရွာကိုလည်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

**✻ ရှေ့ဖုံးမှ**
သာရေးနာရေးဆိုင်ရာကိစ္စရပ်များကို ကူညီဖြေရှင်းပေးခဲ့ပါကြောင်း၊ ကျေးရွာအသီးသီးမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများကလည်း ကျေးရွာအလိုက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မယ်ဟန်၊ ခေးနင်း၊ နောင်မွန်၊မန်အိုင်၊ မိုင်းကျိုင်၊ လုပ်ဝိုင်၊ မန်စယ်၊ ကုန်းဆာ၊ မိုင်းပိုင်၊ ကုန်းမုန်၊ ခုန်စုန်၊ နောင်ဖော့၊ မန်းပွဲလုံ၊ မန်ဆန်ရေအိနိုင်း၊နားကွမ်းလုံ၊ လွယ်တောက်၊ ကောင်းကြဲ(အီ)၊ ဟူးမွန်၊ မိုင်းယော်၊ နမ့်လင်းခမ်းနှင့် မိုင်းတင်ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကျေးရွာအလိုက် အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးတို့အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဆက်လက်ဆောင်ရွက်ပေးမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဒေသအလိုက် လိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အဆိုပါတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)နှင့် နည်းပညာတက္ကသိုလ် (လားရှိုး)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရာ ဒုတိယသမ္မတက မိမိတို့နိုင်ငံတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များစွာရှိသော်လည်း အဘက်ဘက်တွင် လိုအပ်ချက်များရှိနေပါကြောင်း၊ မိမိတို့ကျောင်းများမှ မွေးထုတ်လိုက်သူများသည် အမှန်တကယ် အရည်အသွေးပြည့်ဝသည့် ပညာတတ်များဖြစ်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများသည် မိမိတို့ကိုယ်တိုင် အရည်အသွေးပိုင်းကို အမြဲမပြတ်မြှင့်တင်နေရန်၊ ကျောင်းသား ကျောင်းသူများအား တတ်စွမ်းသမျှ စေတနာအပြည့်ဖြင့် ကြိုးစားသင်ကြားပေးကြရန်နှင့် ကျောင်းသားကျောင်းသူများ ပညာအရည်အသွေးပြည့်ဝစေရန်အတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး လေ့လာသင်ယူနိုင်ရေး ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (လားရှိုး)နှင့် နည်းပညာတက္ကသိုလ် (လားရှိုး)တို့မှ ကျောင်းအုပ်ကြီးများက တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ ဘာသာရပ်အလိုက် သင်ကြားပို့ချမှု၊ နှစ်အလိုက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးခဲ့မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့၌ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် Shining Myanmar ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ချယ်ရီမြိုင် တည်ဆောက်ရေးစီမံကိန်းနှင့် ထင်းရှူးမြိုင် မြို့ပြဖွံ့ဖြိုးရေး အိမ်ရာစီမံကိန်းများသို့ရောက်ရှိရာ Shining Myanmar ကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဌေးဝင်းနှင့် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်မိုးတို့က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းကြီးများအား သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးအောင် လူအင်အား၊ စက်ယန္တရားအင်အား အပြည့်အဝအသုံးချပြီး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ထင်းရှူးမြိုင် အိမ်ရာစီမံကိန်းရှိ အထပ်မြင့် အိမ်ရာများ တည်ဆောက်ပြီးမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

◆




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းရှိ အထပ်မြင့်အိမ်ရာများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။** (ပြန်/ဆက်)

# ဒုတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေးဆောင်ရွက်မည်

**နေပြည်တော်  ဇူလိုင်  ၉**

အခြေခံဆရာ ဆရာမများ သင်ကြားမှုအရည်အသွေးမြင့်မားစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ထူးချွန်ဆရာဆုရွေးချယ်ချီးမြှင့်ရေးအစီအစဉ်ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်မှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အထက်တန်းအဆင့်သင်၊ အလယ်တန်းအဆင့်သင်နှင့် မူလတန်းအဆင့်သင် ရာထူးတစ်ဆင့်လျှင် ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်းနှင့် တတိယဆုငွေကျပ်နှစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၅၄၀ ကို ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပြီး ဗဟိုအဆင့်တွင် တစ်ဆင့်လျှင် ပထမဆုငွေသိန်း ၄၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀၊ တတိယဆုငွေကျပ် ၁၀ သိန်း နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၁၀ ချီးမြှင့်မည့်အပြင် ဗဟိုအဆင့်သို့ လာရောက်ယှဉ်ပြိုင်မည့် ထူးချွန် ဆရာ ၅၄ ဦးအတွက် အမှန်ကုန်ကျစရိတ်များကိုလည်း ဗဟိုကကျခံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆင့်လိုက်ရွေးချယ်မှုအနေဖြင့် ကျောင်းအဆင့်ရွေးချယ်မှုကို စက်တင်ဘာ ၁၄ ရက်တွင်လည်းကောင်း၊ မြို့နယ်အဆင့်ရွေးချယ်မှုကို စက်တင်ဘာ ၂၇ ရက်တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရွေးချယ်မှုကို နိုဝင်ဘာ ၂၉ ရက်တွင်လည်းကောင်း၊ ဗဟိုအဆင့်ရွေးချယ်မှုကို ဒီဇင်ဘာ ၂၇ ရက်တွင်လည်းကောင်း တစ်နိုင်ငံလုံး တစ်ချိန်တည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့နယ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့တွင် ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးအကဲဖြတ်ခြင်း၊ ဗဟိုအဆင့်တွင် ရေးဖြေ၊ နှုတ်ဖြေအပြင် လက်တွေ့သင်ကြားပြသမှု ဆန်းစစ်အကဲဖြတ်ခြင်းရှိမည်ဖြစ်ကြောင်း၊ ရေးဖြေကိုသတ်မှတ်ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် လူတွေ့နှုတ်ဖြေကို အဆိုပါနေ့ မွန်းလွဲ ၁ နာရီမှ စတင်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ပညာရေးဌာနများသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်းနှင့် အခြေခံပညာကျောင်းအသီးသီးရှိ ဆရာ ဆရာမများအားလုံး မိမိအဆင့်အလိုက် မပျက်မကွက်ပါဝင်ယှဉ်ပြိုင်ကြရန် ပညာရေးဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၁၅) ထွက်ပြီ




ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၁၅) "စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတ ပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိလိုသည့် အချက်အလက်များကို တစုတစည်းတည်းရှာဖွေဖတ်ရှု လေ့လာနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ပြီး နှစ်စဉ်ထုတ်ပေးခဲ့သည့် စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်တွင်မြန်မာနိုင်ငံ၏သမိုင်းကြောင်း ဖြစ်စဉ်များ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့်ဝန်ကြီးချုပ်များ၊ ပထဝီဆိုင်ရာအချက်အလက်များ၊ သမ္မတဦးသိန်းစိန်၏မိန့်ခွန်း ကောက်နုတ်ချက်များ၊အစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကဏ္ဍများ၊ နိုင်ငံတကာနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများ၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဗဟုသုတဖြစ်ဖွယ် ဖော်ပြထားသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုကြမည့်သူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ကိုင်ထားသင့်သည့်စာအုပ်ဖြစ်သလို အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**❖ ကျောဖုံးမှ**
ပြည်တွင်းသုံး ပိုမိုရရှိလာခြင်း(သို့မဟုတ်) သဘာဝဓာတ်ငွေ့ရည်ပြည်ပမှ တင်သွင်းခြင်းစီမံကိန်းပြီးစီး၍ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ပိုမိုရရှိလာမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေမည်ဖြစ်ကြောင်း နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ယနေ့ကျင်းပသော သတင်းထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

**ငွေကြယ်၊သန်းတင်အောင်**



# ဇမ္ဗူသီရိမြို့နယ်၌ ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီးနှင့်ပြည်ကြီးမဏ္ဍိုင်လမ်းဆုံတွင် ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီက ယာဉ်မောင်းဦးစိန်ဝင်းမောင်းနှင်လာသည့် ယာဉ်အမှတ် 4A/---Mark II ခဲရောင်ယာဉ်သည် မြို့မဈေးဘက်မှ သပြေကုန်းအဝိုင်းဘက်သို့ မောင်းနှင်လာရာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်ပေါ်တွင် ယာဉ်မောင်းသူအပါအဝင် နှစ်ဦးစီးနင်းလိုက်ပါလာပြီး ဦးစိန်ဝင်းမှာ ရရှိသောဒဏ်ရာဖြင့် ခုတင် (၁၀၀၀) ဆေးရုံကြီးအရောက်တွင် သေဆုံးသွားကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

ပြည်တွင်းရေးရာ

# ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့်တိုင်းပြည် တစ်ဖန်ပြန်ဖြစ်လာရေး မြန်မာနိုင်ငံကြိုးပမ်းနေ

သုတ

မြန်မာနိုင်ငံမှာ တစ်ချိန်က ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့ရာတိုင်းပြည် တစ်ခုဖြစ်ခဲ့ပြီး ယခုအခါ ယင်းအဆင့်သို့ ပြန်လည်ရောက်ရှိရေးအတွက် အပြင်းအထန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု Nikkei Asian Review တွင် ရေးသားထားသည်။ မြန်မာအစိုးရက ဆန်ကို တိုင်းပြည်၏ အဓိက ပို့ကုန်တစ်ခုအဖြစ် သတ်မှတ်လိုက်သောကြောင့် အရေးပါသော ဆန်စပါး ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Agribusiness Public Corp (MAPCO)က မြန်မာနိုင်ငံထွက် ဆန်အရည်အသွေးများ တိုးတက်လာစေရန် ဆန်စက်များကို အဆင့်မြှင့်တင်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့နောက် ကမ္ဘာ့ပဉ္စမမြောက် ထိပ်တန်းဆန်တင်ပို့သည့် တိုင်းပြည်ဖြစ်ပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၈ သန်း တင်ပို့ခဲ့ပြီး ၂၀၁၃ ဘဏ္ဍာရေးနှစ်ထက် ဆန်တင်ပို့မှု ၅၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ မြန်မာနိုင်ငံထွက်ဆန်များမှာ စပါးစိုက်ပျိုးရာကျေးရွာများ၌ လုပ်အားခ ဈေးသက်သာမှုကြောင့် အရှေ့တောင်အာရှဒေသတွင် ဈေးအနည်းဆုံးဖြစ်သည်။ MAPCO က မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုတိုးမြှင့်ရန် အခြေခံအဆောက်အအုံတိုးတက်ရေးကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်သည်။ နေပြည်တော်၌ တည်ဆောက်ပြီးစီးခဲ့သော တစ်နေ့ တန် ၂၂၀ ကြိတ်ခွဲနိုင်သည့် ဆန်စက်အပြင် ရန်ကုန်မြို့အရှေ့တောင်ဘက်ရှိ သီလဝါဆိပ်ကမ်းအနီး၌ ကုန်လှောင်ရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိသကဲ့သို့ နောက်ထပ်ဆန်စက်တစ်လုံးကိုလည်း ဂျပန်အခြေစိုက် Mitsui Co နှင့်အတူ တည်ဆောက်မည် ဖြစ်သည်။ ရော်ဘာ၊ အထည်အလိပ်တို့နှင့်အတူ တိုင်းပြည်၏ အဓိကကျသော ပို့ကုန်တစ်ခုအဖြစ် သတ်မှတ်ထားသော ဆန်ကို ယခုနှစ် နွေဦးရာသီက ပို့ကုန်မဟာဗျူဟာသစ်တစ်ရပ်ကို ကြေညာခဲ့သော မြန်မာအစိုးရက ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့သော်လည်း တင်ပို့မှုအများစုကို တရုတ်အစိုးရက တရားဝင်ခွင့်ပြုထားခြင်း မဟုတ်ပေ။ တရုတ်နိုင်ငံက တင်ပို့သောဆန်များ အရည်အသွေးနိမ့်ကျမှုနှင့်ပတ်သက်၍ စောဒကတက်နေပြီး ထိုအချက်က မြန်မာနိုင်ငံ၏ ဆန်ပို့ကုန်တိုးမြှင့်တင်ပို့ရေးကြိုးပမ်းမှုများကို ဟန့်တားနေသည်။ MAPCO မှာ ယခုနှစ်အစောပိုင်းက တရားဝင်လက်မှတ်ရ ဆန်တင်ပို့သည့်ကုမ္ပဏီအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဇူလိုင်လကုန်တွင် ဆန်တင်ပို့မှုစတင်ရန် မျှော်မှန်းထားသည်။ MAPCO က ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သော Mitsui Co နှင့် ပူးပေါင်းလုပ်ကိုင်မှုတစ်ခုအရ ဂျပန်နိုင်ငံသို့လည်း ဆန်တင်ပို့သည်။ အီးယူက မြန်မာနိုင်ငံမှ ထွက်ကုန်များအတွက် ဦးစားပေးစည်းကြပ်အခွန် သက်ညှာခွင့်တစ်ရပ် ပြန်လည်ပေးအပ်ပြီးချိန်ကတည်းက အီးယူနိုင်ငံများသို့ ဆန်တင်ပို့မှု မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်က ပြည်ပသို့ဆန်တင်ပို့မှုမှာ ၂၀၁၄ ဘဏ္ဍာရေးနှစ်က တင်ပို့ခဲ့သည့် တန်ချိန် ၁ ဒသမ ၈ သန်းမှ ၂၀၂၀ ဘဏ္ဍာရေးနှစ်မတိုင်မီ တန်ချိန် လေးသန်းထိ နှစ်ဆကျော်မြင့်တက်သွားမည်ဟု ခန့်မှန်းထားသည်။

## ဇွန်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၉

၂၀၁၅ ခုနှစ် ဇွန်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုများ၊ ရထားရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၄၁ မှု(အလေးချိန် ၃၈ ဒသမ ၂၈၄၇ ကီလို)၊ ဘိန်းဖြူ ၂၁၇ မှု (အလေးချိန် ၄ ဒသမ ၉၈၁၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀ မှု (၁၀၂၇၁၁၄ဒသမ ၅ ပြား)၊ ဆေးခြောက် ၁၈ မှု(အလေးချိန် ၈ ဒသမ ၄၈၄၄ ကီလို)၊ ဘိန်းဆီခဲ ၁၁ မှု(အလေးချိန် ၃ ဒသမ ၇၆၁၉ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၁ မှု (အလေးချိန် ၅ ဒသမ ၄၀၇၀ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့်ငါးမှု(အလေးချိန် ၆၂ ဒသမ ၅၄၇၈ ကီလို)၊ အိုက်စ်တစ်မှု(အလေးချိန် ၉၆ ဒသမ ၆၇၆၃ ကီလို)၊အက်ဖီဒရင်းတစ်မှု(အလေးချိန် ၄၄ ဒသမ ၁ ကီလို)၊ ဆူဒိုအက်ဖီဒရင်း ဆေးပြားတစ်မှု အပြား ၁၈၀၀၀၀၊ ဒိုင်ယာဇီပမ်ဆေးပြားတစ်မှု (၁၂၃ ပြား)၊ ထရာမဒေါလ်တစ်မှု (၉၈၆ တောင့်)၊ ဘိန်းရည်သုံးမှု(၈ ဒသမ ၂၃၆၅ လီတာ)၊ အခြားမှု သုံးမှု၊ မှတ်ပုံတင်ပျက် ရှစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမျိုးသား ၇၃၃ ဦး၊အမျိုးသမီး ၉၅ ဦး စုစုပေါင်း ၈၂၈ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

(ကြေးမုံ)

# မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ဖွင့်လှစ်နိုင်ရေး တပ်မတော်ကနယ်မြေရှင်းလင်း

နေပြည်တော် ဇူလိုင် ၉

နယ်စပ်ဒေသကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူချောမွေ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေး၊ အာဆီယံဒေသအတွင်းရှိ နိုင်ငံများနှင့် ကူးလူးသွားလာနိုင်ရေး၊ နိုင်ငံခြားခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ကို နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် အိမ်နီးချင်းနိုင်ငံတို့ ပူးပေါင်းဖောက်လုပ်ပြီးစီးသဖြင့် ဇူလိုင်လအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။



အာရှလမ်းသစ်အား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းဆောင်ရွက်စဉ်။ (မြဝတီ)

သို့ရာတွင် ကလိုထူးဘော ကရင်အစည်းအရုံး(KKO)အဖွဲ့မှ သီးခြားခွဲထွက်လာသည့် ကျော်သက်နှင့် စောဆန်းအောင် ဦးစီးလက်နက်ကိုင်အဖွဲ့ငယ်များသည် မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ပေါ်တွင် အကောက်စခန်းများဖွင့်လှစ်၍ ခရီးသွားပြည်သူများထံမှ နိုင်ထက်စီးနင်း ငွေကြေးကောက်ခံမှုများ ပြုလုပ်နေသဖြင့် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့များက လမ်းပေါ်မှဖယ်ရှားပေးရန် အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့သော်လည်း ဖယ်ရှားခြင်းမရှိသဖြင့် တပ်မတော်မှ နယ်မြေရှင်းလင်းခဲ့ရာ ၎င်းတို့မှ စတင်ပစ်ခတ်တိုက်ခိုက်သောကြောင့် ဇူလိုင် ၂ ရက်မှစတင်ပြီး တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ထိုသို့ အာရှလမ်းသစ်ပေါ်တွင် တိုက်ပွဲများဖြစ်ပွားနေစဉ် ၎င်းတို့၏ အဖွဲ့ငယ်များသည် ဇူလိုင် ၇ ရက်တွင် ချောင်းတောင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ကော့ကရိတ်မြို့နယ် လှိုင်ကွယ်ကျေးရွာအနီး စက်မှုဝန်ကြီးဌာန ရော်ဘာခြံဝင်းအတွင်းရှိ အဆောက်အအုံနှစ်လုံးကို မီးရှို့ဖျက်ဆီးခြင်း၊ ဇူလိုင် ၈ ရက်တွင် ကော့ကရိတ်မြို့တွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများပြုလုပ်ခဲ့၍ တပ်မတော်နှင့် နယ်ခြားစောင့်တပ်များ ပူးပေါင်းရှင်းလင်းခဲ့ရာ ဇူလိုင် ၉ ရက်အထိ တိုက်ပွဲ ၂၉ ကြိမ် ဖြစ်ပွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများက မြဝတီ-ကော့ကရိတ် လမ်းကြောင်း လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး နယ်မြေရှင်းလင်းခဲ့ခြင်းကြောင့် ဇူလိုင် ၈ ရက် နံနက်ပိုင်းမှစတင်ပြီး မြဝတီ-ကော့ကရိတ်လမ်းဟောင်းတွင် ကုန်စည်စီးဆင်းမှုများ ပုံမှန်သွားလာလျက်ရှိသည်။ ယနေ့မွန်းလွဲပိုင်းတွင် အာရှလမ်းသစ် လုံခြုံရေးအတွက်လည်း ရှင်းလင်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

## သာသနာဝင်စိစစ်ရေး ကတ်ပြားများ ဆက်ကပ်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးတွင် စာပေသင်ကြားလျက်ရှိသည့် သာသနာ့ဝန်ထမ်း ရှင်ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၈၉၃ ပါးတို့ကို မိုးပွင့်အထူးစီမံချက်ဖြင့် သာသနာဝင်/သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောင်ပိုင်းရပ်ကွက် မဟာသစ္စာကာရီကျောင်းတိုက် ဓမ္မသီရိရတနာ ဓမ္မာရုံတွင် ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ပြုလုပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် မြို့နယ်သုံးမြို့နယ်မှ သံဃနာယက ဥက္ကဋ္ဌဆရာတော်များက ဩဝါဒချီးမြှင့်ကြပြီး တိုင်းသာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးစိန်မော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကြည်လင်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(ဝင်းမင်း)

## ဇူလိုင် ၉ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၀၈၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၇၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၃၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၈၀၀၀ မှ ၁၉၂၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၀၀၀၀ မှ ၈၁၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၅၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၆၅ |
| ၂၁ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၂၅ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၈၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၀၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၇၀ မှ ၈၃၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

## ရေစီးရေလာ ကောင်းမွန်ရေး စက်ယန္တရားဖြင့် ဆောင်ရွက်

ပြည် ဇူလိုင် ၉

မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ စက်ယန္တရားများအသုံးပြု၍ ရန်ကုန်-ပြည်ကားလမ်းဘေးရှိ ဘူးခါးရေဆိုးထုတ်မြောင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေဆိုးထုတ်မြောင်း တူးဖော်ပြီးစီးသွားပါက မြို့တွင်းလမ်းမကြီးများ၊ ရပ်ကွက်အသီးသီးနှင့် ဆက်စပ်လျက်ရှိသော ရေမြောင်းများ ရေစီးရေလာပိုမိုကောင်းမွန်သွားမည်ဖြစ်သည်။

ကိုလွင်(ဆွာ)

# ပုဒ်မ ၄၃၆(ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဇယား(၂၊ ၅)ပါ အပိုဒ်/အပိုဒ်ခွဲများအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမဲရရှိခဲ့၍ ပြင်ဆင်ရေးဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော်  ဇူလိုင်  ၉

၂၀၁၅ ခု ဇွန် ၈ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၉)ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဇယား(၂၊ ၅)ပါ အပိုဒ်/ခွဲများအတွက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လျှို့ဝှက်ဆန္ဒမဲပေးကာ မဲခွဲဆုံးဖြတ်ခဲ့မှုအခြေအနေကို ဖော်ပြအပ်ပါသည်။

| စဉ် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| ၂၈ | ဇယား ၂<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း<br>(ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည်)<br>၁။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့်-<br>“(က) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဠ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန်အတည်ပြုသည်) |
| | | (ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း-၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဎ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၃ဒသမ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့် ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်း ပြည်ပမှ ငွေချေးယူခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း- ၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်း ရယူခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း-၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ ရယူခြင်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၂။ စီးပွားရေးကဏ္ဍ | (ခ) စီးပွားရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၆<br>ရာခိုင်နှုန်း- ၈၃ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့် ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၁၉<br>ရာခိုင်နှုန်း-၈၁ ဒသမ ၉၉<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ | (ဂ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် | |
| | | (ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ် စာတမ်း မှတ်ပုံတင်ခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့် ရှိသည့် စိုက်ပျိုးရေး သုတေသနလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |

စာမျက်နှာ - ၁၁ သို့

စာမျက်နှာ - ၁၀ မှ

| စဉ် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| | | (ဎ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့် ရှိသည့် ပင်လယ် ကမ်းနီးငါးလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း-၈၇ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့် ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသလုပ်ငန်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၇ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ | (ဃ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(င)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အချိုးအစား သတ်မှတ်ပေးရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း-၈၇ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန်အတည်ပြုသည်) |
| | | (ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ် လက်စားလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၇ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်း အလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်း သိမ်း ရေး နှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း-၈၇ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ် လက်စားလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း-၈၇ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း-၈၇ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း စီမံခန့်ခွဲခွင့် ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၇ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၅။ စက်မှုလက်မှုကဏ္ဍ | (င) စက်မှုလက်မှု ကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ခ)၏ အောက်တွင် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-<br>(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၈၃<br>ရာခိုင်နှုန်း-၇၆ ဒသမ ၃၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ | (စ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၄<br>ရာခိုင်နှုန်း-၈၂ ဒသမ ၇၈<br>(ပြင်ဆင်သွားရေး ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း-၈၇ ဒသမ ၅၇<br>(ပြင်ဆင်သွားရေး ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (စ) ပြည်ထောင်စုက စီမံ ခန့်ခွဲသည့် လုပ်ငန်းများမှအပ တိုင်း ဒေ သ ကြီး သို့မဟုတ် ပြည်နယ် အစိုးရက ဆောင်ရွက်ခွင့် ရှိသော စက်လှေနှင့်သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း-၈၇ ဒသမ ၇၃<br>(ပြင်ဆင်သွားရေး ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် လေကြောင်းသယ်ယူ ပို့ဆောင်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း-၈၇ ဒသမ ၄၁<br>(ပြင်ဆင်သွားရေး ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |

စာမျက်နှာ - ၁၂ သို့

*စာမျက်နှာ - ၁၁ မှ*

| စဉ် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| | | (ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း-၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေး ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၇။ လူမှုရေးကဏ္ဍ | (ဆ) လူမှုရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာ ကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၅<br>ရာခိုင်နှုန်း- ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ် ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် အစား အသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန် စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၅<br>ရာခိုင်နှုန်း- ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၈။ စီမံခန့်ခွဲရေးကဏ္ဍ | (ဇ) စီမံခန့်ခွဲရေး ကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် ယစ်မျိုးစီမံခန့်ခွဲခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၀<br>ရာခိုင်နှုန်း- ၉၃ ဒသမ ၂၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။” | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၈၈<br>ရာခိုင်နှုန်း- ၉၂ ဒသမ ၈၉<br>(ပြင်ဆင်သွားရေးဆက်လက် ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| ၂၉ | ဇယား ၅<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ<br>(ပုဒ်မ ၂၅၄ ကို ရည်ညွှန်းသည်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)တွင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများစာရင်း၌ ပါရှိသော အမှတ်စဉ် ၁၉ ၏ အောက်တွင် အောက်ပါတို့ကို ဖြည့်စွက်ရမည်- | |
| | | “၂၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် အရင်းအနှီးဆိုင်ရာအခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့် ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက် ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေ နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက် ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန် ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင် ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက် ဆောင်ရွက်သွားရန် အတည်ပြုသည်) |

*စာမျက်နှာ - ၁၃ သို့*

*စာမျက်နှာ - ၁၂ မှ*

| စဉ် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| | | ၂၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၉<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၆၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | | ၂၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၀<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၇၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက် ရတနာဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သောသစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ် အမျိုးအစားများနှင့် သက်ဆိုင်သည့် အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၀<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၇၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၀<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၇၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင် ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၅၈<br>ရာခိုင်နှုန်း- ၈၈ ဒသမ ၁၅<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၉<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၆၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း- ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ဗီဒီယိုဆိုင်ရာအခွန်အခများ။" | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း- ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |

# ဘန်းလမွတ်ကျေးရွာမှ ထူးခြားသည့် ဘိုဖြူမလေး



**တနင်္သာရီ ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဘန်းလမွတ်ကျေးရွာအုပ်စု-ဘန်းလမွတ်ရွာ၌ ဥယျာဉ်/တောင်ယာလုပ်ငန်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုနေထိုင်သော ဦးမင်းယုနှင့် ဒေါ်အိအိဖြူတို့၏ တတိယမြောက် ကလေးဖြစ်သူ မဒီယူထက်သည် ဆံပင်အဖြူရောင်၊ ခန္ဓာကိုယ်တစ်ခုလုံး ပန်းနုရောင်သန်းပြီး မျက်လုံးအပြာရောင်(နေအလင်းရောင်လုံးဝမခံနိုင်)သူကို ဘန်းလမွတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဘက်စုံသားဖွားဆရာမ ဒေါ်အေးအေးမြင့်က ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က အောင်မြင်စွာမွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

မွေးဖွားစဉ်အခါက သာမန်ဟုသာ ထင်မြင်ယူဆမိခဲ့သည်။ သို့သော်လည်း အရွယ်လေးနည်းနည်းရလာသောအခါ ထူးထူးခြားခြား မြန်မာနိုင်ငံသားများနှင့်အသားအရောင်မတူဘဲ အပြုအမူကအစ ပြောင်းလဲနေသည်။ မိဘနှစ်ဦးက သမီးဖြစ်သူ မဒီယူထက် သည် မည်သည့်နိုင်ငံသားက ဝင်စားသည်ဆိုသည်ကို စကားပြောတတ်သည့် အရွယ်ရောက်၍ ပြန်ပြောပြမှသိနိုင်လိမ့်မည်ဟု ထင်ကြောင်းဆိုသည်။

လက်ရှိ စကားပြောသင်ရာတွင် ကျဲကျဲကျဲဟု အဆက်မပြတ်ပြောလေ့ရှိကြောင်း၊ ၎င်းအပြင် မိခင်ဖြစ်သူ ဒေါ်အိအိဖြူမှ ထိုကလေးနှင့် ပတ်သက်၍ ထူးခြားမှုများရှိသည်ဟု ပြောပြသည်။

အဆိုပါ မဒီယူထက်ကို ဒေသခံများနှင့် မမျှော်လင့်ဘဲ တွေ့ဆုံသူအားလုံးက စိတ်ဝင်စားလျက်ရှိကြသည်။

**သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# သစ်ခွဲသားများကို ဆိုင်ကယ်များဖြင့် သယ်ယူရောင်းချ

**ကောလင်း ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တမလန်းသစ်များအား ယခင်က ၁၂ ဘီးယာဉ်၊ ၁၀ ဘီးယာဉ်၊ ခြောက်ဘီးယာဉ်နှင့် Super Custom၊ Surf ယာဉ်များဖြင့် သယ်ဆောင်ရောင်းချလက်ရှိသည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံချက်များချပြီး ဖမ်းဆီးအရေးယူခဲ့သည့်အတွက် တမလန်းသစ်များကို သယ်ယူသူများသည် ဆိုင်ကယ်များဖြင့် မြေလင်း၊ ပေကုန်း-ဒေါ်စီနှင့် ဝန်းသိုမြို့နယ်၊ ကောလင်း-ပင်လည်ဘူးလမ်းခွဲ၊ ဝင်းကြီးကျေးရွာ၊ (၅) မိုင်ဂိတ်မှ ကောလင်းမြို့နယ်ရှိ ရွှေဘို-မြစ်ကြီးနားကားလမ်း၊ ကုက္ကိုကုန်း၊ ဥတုံးပင်၊ တောင်မော်ကျေးရွာစသည်တို့မှ ပို့ဆောင်လျက်ရှိသည်ဟု ဒေသခံများ၏ အဆိုအရ သိသည်။

အဆိုပါ တမလန်းသစ်ခွဲသားများကို ပင်လည်ဘူးမြို့နယ် သစ်တောကြီးများအတွင်းမှ တရားမဝင် ထုတ်ယူကာ အလျားသုံးပေ၊ အနံ လေးပေ၊ ငါးပေ၊ ခြောက်ပေ၊ ထု ရှစ်လက်မ၊ ကိုးလက်မခွဲစိတ်ကာ ဆာလာအိတ်ကြီးများဖြင့် ထုပ်ပိုးပြီး အုပ်စုလိုက်ဆိုင်ကယ်များဖြင့် သယ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပင်လည်ဘူးမြို့နယ် ကနီ၊ အင်းဂါး၊ ဆားတောင်ပုံ၊ သိမ်ဇင်၊ ပေကုန်း၊ ဝဲလာကျေးရွာတို့မှ ကောလင်းမြို့နယ်အတွင်းရှိမြတ်နိုးသူ သစ်ထုတ်လုပ်ရေးကားလမ်းအတိုင်း သယ်ဆောင်ကာ ကျွန်းပင်၊ ယားတောင်ကျေးရွာတို့မှ ကန့်ဘလူမြို့နယ် ကိုးထောင်ဘို့ကျေးရွာသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ဟင်သော်ကျေးရွာသို့ သယ်ဆောင်ကာ ရွှေဘိုမြို့နယ်အတွင်းသို့ သယ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကိုမောင်(ကောလင်း)**



# ပွင့်ဖြူ၌ ခရီးသည်တင်ယာဉ်တိမ်းမှောက် ရှစ်ဦးဒဏ်ရာရ

**ပွင့်ဖြူ ဇူလိုင် ၉**

ပွင့်ဖြူမြို့နယ် လယ်ကိုင်း-ကျောင်းတော်ရာသွားကားလမ်း မိုင်တိုင်အမှတ်(၁/၁) နှင့် (၁/၂) အကြားတွင် ဇူလိုင် ၇ ရက် နံနက် ၈ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၈နာရီခန့်က သန်းစိုးလှိုင်မောင်းနှင်ပြီး ခရီးသည်ရှစ်ဦး တင်ဆောင်လာသော 3A/---- တိုယိုတာဒိုင်နာ ခရီးသည်တင်ယာဉ်သည် လယ်ကိုင်း-ကျောင်းတော်ရာသွား ကားလမ်း မိုင်တိုင်အမှတ်(၁/၁) နှင့် (၁/၂ )အကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ လယ်ကွက်အတွင်းသို့ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသော ခရီးသည်ရှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ပွင့်ဖြူမြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ယာဉ်မောင်းအား လယ်ကိုင်း နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်သူရ(ပွင့်ဖြူ)**

# ဆိုင်ကယ်စီးလာသူအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်

**နေပြည်တော် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး တိုင်းမှူးခင်းအကူဌာနစိတ်မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက် ညနေ ၄ နာရီက ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်(၅၃/၅၄)လမ်းကြား အနော်ရထာလမ်းပေါ်တွင် ကန်ဘို 125 ခဲရောင်ဆိုင်ကယ်စီးလာသူ ဖိုးလုံး(ခ) ဖြိုးမောင်မောင်ထွန်း(၁၈)နှစ် မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက်နေသူအား စစ်ဆေးရာ ယင်းဆိုင်ကယ်အား ဇူလိုင် ၂ ရက်က မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက် (၃၉)လမ်းပေါ်ရှိ နေအိမ်မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ ဖိုးလုံး(ခ)ဖြိုးမောင် မောင်ထွန်းအား မဟာအောင်မြေ မြို့နယ် အမှတ်(၇) နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# နမ့်ခမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ သိမ်းဆည်းရမိ

**နမ့်ခမ်း ဇူလိုင် ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် ရွှေလီစစ်ဆင်ရေး(၂) မူဆယ်မူးယစ်တပ်ဖွဲ့စု(၂၂)၊ နေပြည်တော် မူးယစ်တပ်ဖွဲ့စု(၁၀၂)နှင့် နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်-နမ့်ခမ်းကားလမ်း မန့်ခမ်းကျေးရွာအဝင်၌ ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက နမ့်ခမ်းသို့ အားချန်မောင်းနှင်၍ အားရှောင်လိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ (၇ ဒသမ ၂ ကီလို)သိမ်းဆည်းရမိသဖြင့် အားချန်နှင့် အားရှောင်တို့နှစ်ဦးအား နမ့်ခမ်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။**(အပေါ်ပုံ)** **(၀၁၁၂)**

# ကျိုက်ထိုတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်

**ကျိုက်ထို ဇူလိုင် ၉**

ကျိုက်ထိုမြို့နယ်တွင် ဇူလိုင် ၇ ရက်က ခရီးသည်တင်ယာဉ် လမ်းဘေး ရိုးချောင်းထဲသို့ တိမ်းမှောက်ရာ ယာဉ်နောက်လိုက် သေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကျိုက်ထိုမှဝေါမြို့သို့ မောင်းနှင်သော ခရီးသည်တင် ဟိုင်းလတ်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ခြမ်းသို့ တိမ်းမှောက်ကာ ရိုးချောင်းအတွင်း တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် သီလရှင် ဒေါ်စုဝတီ (၆၀)နှစ် ရွှေကြက်ယက်ဘုန်းတော်ကြီးကျောင်း မရမ်းချောင်းကျေးရွာနှင့် မချစ်ချစ် (၂၁)နှစ် ကျည်စုရပ်ကွက် ဒေါပုံမြို့နယ်နေသူတို့တွင် ပွန်းပဲ့ဒဏ်ရာများရရှိသဖြင့် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး ယာဉ်နောက်လိုက် ရှုမောင်ကို(ခ)ချစ်ကို(၂၇)နှစ် သနပ္ပင်မြို့နေသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းအား သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

# တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ပုသိမ် ဇူလိုင် ၉**

ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် အောင်သန်းဦးနှင့်အဖွဲ့၊ ဘက်ရဲနယ်မြေရဲစခန်းမှ ဒုရဲအုပ် ကျော်စွာမြင့်နှင့်အဖွဲ့သည် ဇူလိုင် ၆ရက်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ထိန်ပင်မြောင်ကျေးရွာတောင်ဘက် ပဒေါ်ချောင်းအတွင်း၌ တရားမဝင်သစ်များခိုးထုတ်နေကြောင်းသတင်းအရ သဖြင့်ဖမ်းဆီးရာ ပျဉ်းကတိုးခွဲသား ဆိုဒ်စုံ ၃ဒသမ၇၅တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**


**The Republic of the Union of Myanmar**
**Ministry of Energy**
**Myanma Petroleum Products Enterprise**

Invitation to interested parties regarding a Joint Venture for the Importation, Storage, Distribution of Petroleum Products

1. The Myanma Petroleum Products Enterprise (MPPE) is a state-owned enterprise which is responsible for carrying out the retail and wholesale distribution of petroleum products under the Ministry of Energy (MOE)in Myanmar. The enterprise operates storage facilities, conducts sales and distributes petroleum products through four (4)main fuel terminals, twenty four(24)sub fuel terminals and twelve (12)gas stations in the Republic of the Union of Myanmar.
2. In order to better serve customers in the Importation, storage, distribution and sales of petroleum products in Myanmar and to Improve the management of the business while conducting environmentally friendly operations, interested foreign companies are invited to submit a bid to form a joint venture.
3. Interested parties may enquire at the following address for the details, rules and requirements of the tender starting from the date of this announcement.
4. The Invitation to Tender documents shall be available for purchase on 20-7-2015 at the address listed below.
5. The application must be submitted in person and shall be submitted not later than 1:00pm on the 20-10-2015.

Managing Director

Myanma Petroleum Products Enterprise
Ministry of Energy
Office Building No.6
Nay Pyi Taw
Tel:+95 67 411488, +95 67 411053, +95 67 411119, +95 67 411092
Fax:+95 67 411101, +95 67 411137
Email:mppe.ho2@mptmail.net.mm






## လူရည်ချွန်များသို့ ဖိတ်ကြားလွှာ

လူရည်ချွန် ၁၉၆၄-၈၈အဖွဲ့၊ မျိုးဆက်သစ်လူရည်ချွန်အဖွဲ့တွေ့ဆုံပွဲနှင့် လူရည်ချွန်စကားဝိုင်းအမှတ်(၅)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (၁၉၆၄-၈၈)ခုနှစ်အတွင်း လူရည်ချွန်နှင့် သချာ်လူရည်ချွန်ဆု ရရှိခဲ့ကြသူများအားလုံးနှင့် (၂၀၁၃-၁၄-၁၅)ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားကြသူ မျိုးဆက်သစ်လူရည်ချွန်(ဘက်စုံပညာထူးချွန်လူငယ်)များအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့

| | |
|---|---|
| ကျင်းပမည့် နေ့ရက်/အချိန် | - ၁၁-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ |
| ကျင်းပမည့်နေရာ | - M3 Food Centre ရွှေဂုံတိုင်လမ်း၊ ဗဟန်းအားကစားကွင်းအတွင်း တော်လှန်ရေးပန်းခြံရှေ့၊ ရန်ကုန်မြို့ |
| ဟောပြောမည့်အကြောင်း အရာနှင့်ခေါင်းစဉ် | - "အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်" Intellectual Property Rights: Everybody's Concern |
| ဟောပြောမည့်သူများ | - (၁) ဒေါ်တင်ရီဝင်း ညွှန်မှူးပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် (၂) ဦးသန်းမောင် Baker and McKenzie Law Firm |

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၃၂၁၀၆၁၁၊ ၀၉-၂၅၄၁၉၇၄၃၉၊ ၀၉-၇၃၁၆၁၃၃၊ ၀၉-၅၁၀၂၉၈၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



## ဝန်ထမ်းအလိုရှိသည်

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး(နေပြည်တော်)၊ ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသမှုဌာနတွင် လစ်လပ်လျက်ရှိသော ဆေးဘက်ကျွမ်းကျင်(၃)၊ ရူပဗေဒ (လစာနှုန်း ၁၆၅၀၀၀ိ-၂၀၀ိ-၁၇၅၀၀၀ိ)ရာထူးအတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(၂) B.Sc (Physics) (သို့မဟုတ်) M.Sc (Physics) ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(၃) အင်္ဂလိပ်စာ (4 Skills) ကျွမ်းကျင်၍ ကွန်ပျူတာကျွမ်းကျင်စွာ ကိုင်တွယ် အသုံးပြုနိုင်သူဖြစ်ရမည်။

ရွေးချယ်ခံရသူအား နိုင်ငံရပ်ခြားသို့ (၆)လ ပညာတော်သင် စေလွှတ်မည်ဖြစ်ပြီး သင်တန်းအောင်မြင်ပါက Diploma in Clinical Physics ရရှိမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် ၁၇-၇-၂၀၁၅ရက် နောက်ဆုံးထား၍ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက ဖုန်းနံပါတ် ၀၆၇-၅၅၀၁၅၁၊ ၅၅၀၁၅၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆေးရုံဝန်ထမ်းရွေးချယ်ရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

ဆောင်းပါး

# အကြင်နာလက်များနှင့်တွဲခေါ်

**à** အေးအေးမြင့်

ပရဟိတအကျိုးတော်ဆောင်ကြီးတွေဟူသော သီချင်းသံတည်ညံ့နှင့်အတူ ပရဟိတအဖွဲ့များ၊ ပရဟိတဆောင်ရွက်သူများ တစ်နေ့တခြားတိုးတက်များပြားလာခြင်းသည် လူသားများ၏အကျိုးဆောင်ရွက်လိုသော စိတ်စေတနာရှိသူများ တိုးပွားလာခြင်း၏ လက္ခဏာပင်ဖြစ်သည်။ ပရဟိတအဖွဲ့များသည် လုပ်ငန်းစဉ်အားဖြင့် မတူညီကြသော်လည်း စတင်ဖွဲ့စည်းသည်မှစ၍ ယခုထိတိုင် စိတ်ဓာတ်နှင့် ရည်ရွယ်ချက်မှာ ထပ်တူကျနေကြပါသည်။

ယနေ့ကမ္ဘာပေါ်တွင် လူမျိုးရေး၊ ဘာသာရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည် ပြဟ္မစိုရ်တရားမရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင်သာမက အခြေခံပညာကျောင်းများ၌ပါ ပြဟ္မစိုရ်တရားများ ထွန်းကားလာရေးအတွက် ပြည်သူ့နီတိနှင့် ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်လာသည်။

ယခင်က ဘုန်းကြီးကျောင်းများတွင် ဘုရားရှိခိုးအမျိုးမျိုးနှင့် ၃၈ ဖြာမင်္ဂလာတရားတော်များကို သင်ကြားပို့ချပေးလျက်ရှိပြီး ယခုနောက်ပိုင်းတွင် ဘုန်းကြီးကျောင်းသို့ တက်ရောက်မှုနည်းသွားသဖြင့် ယဉ်ကျေးလိမ္မာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေရကြောင်း သိရသည်။ ထို့ပြင် ဘုန်းတော်ကြီးသင်ကျောင်းများမှာ ပညာရေးသာမက ပြဟ္မစိုရ်တရားများထွန်းကားရေးနှင့် အများအကျိုးဆောင်ရွက်လိုစိတ်များ ရှင်သန်ထွန်းကားလာအောင်လည်း ပံ့ပိုးကူညီပေးလျက်ရှိသည်။

ထိုကဲ့သို့ပင် အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း (YGW) က ပရဟိတမိဘမဲ့ ကလေးစောင့်ရှောက်ရေးကျောင်းကို ၂၀၁၅ ခုနှစ် မေ ၄ ရက် (တနင်္လာနေ့)က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၄ ဦးရှိကြောင်း သိရသည်။

"အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံကလေးတွေရှိကြပါတယ်။ သူတို့လေးတွေရဲ့ စာရေးသောက်ရေး၊ နေထိုင်ရေးနဲ့ အနာဂတ်လှပဖို့အတွက် အစစအရာရာကူညီဆောင်ရွက်ပေးထားပါတယ်။ ဒီ YGW ပရဟိတမိဘမဲ့ကလေးစောင့်ရှောက်ရေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၂-၂-၂၀၁၂ က မန္တလေးမှာစတင်အခြေချတည်ထောင်ခဲ့ပြီး ဆက်တိုက်ဆိုသလို နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ တောင်ကြီး၊ ရပ်စောက်နဲ့ အခုပုသိမ်မှာ စတင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီး ပြည်ပရောက်မြန်မာများကိုလည်း လိုအပ်တဲ့အကူအညီတွေပေးဖို့ ဆောင်ရွက်နေပါတယ်" ဟု အဝါရောင်မျိုးဆက် လူငယ်ပရဟိတအသင်းမှ ဆရာတော်ဦးဣန္ဒောဘာသက ပြောသည်။

ယင်း YGW အသင်းကြီးကို ရည်ရွယ်ချက်ရှစ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယင်းတို့မှာ -

၁။ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း၊

၂။ တနင်္ဂနွေဗုဒ္ဓဘာသာယဉ်ကျေးမှုလိမ္မာသင်တန်း Sunday ဓမ္မစကူးလ် ဖွင့်လှစ်သင်ကြားပေးခြင်း၊

၃။ ပညာရေးထောက်ပံ့လှူဒါန်းပေးခြင်း၊

၄။ သဘာဝဘေးအန္တရာယ်ကျရောက်သောနေရာများသို့ သွားရောက်ကူညီပံ့ပိုးပေးခြင်း၊

၅။ သွေးလှူဒါန်းပေးခြင်း၊

၆။ မိဘမဲ့ကလေးစောင့်ရှောက်ပေးခြင်း၊

၇။ နွမ်းပါးဝေဒနာရှင်များအား လစဉ်ထောက်ပံ့ပေးခြင်းနှင့်

၈။ ထာဝရဘိုးဘွားရိပ်သာတည်ထောင်ခြင်းတို့ ဖြစ်သည်။

ထိုပရဟိတမိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းတွင် တက်ရောက်နေသော ကလေးအများစုသည် ရှမ်းပြည်တောင်ပိုင်း ဟိုပုံးဘက်ကများပြီး အများအားဖြင့် မိဘမဲ့များနှင့် ဆင်းရဲနွမ်းပါးသော မိသားစုများမှဖြစ်ကြသည်။ ၎င်းတို့အား သူငယ်တန်းမှ ၁၀ တန်းအထိ ပညာများ သင်ကြားပေးမည့်အပြင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာပေများကိုလည်း သင်ကြားပို့ချပေးလျက်ရှိသည်။

နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာမှ မောင်ဝင်းမိုးအောင်ကလည်း "ကျွန်တော်ရဲ့ မိဘတွေက ဆယ်တန်းကိုမထားနိုင်တဲ့အတွက် ဆရာတွေရဲ့ အဆက်အသွယ်နဲ့ ဒီကိုရောက်လာတာပါ။ ဒီမှာ စားရသောက်ရတာလည်း အဆင်ပြေသလို၊ ကျောင်းတက်ဖို့နဲ့ အဝတ်အစားတွေကအစ အကုန်အဆင်ပြေအောင် စီစဉ်ပေးပါတယ်။ ဒါ့အပြင် ကျောင်းကဆရာမတွေနဲ့ ဆက်သွယ်ပြီးတော့လည်း ကျူရှင်တွေထားပေးပါတယ်။ ဒီကနေ ဆယ်တန်းကို အောင်မြင်အောင်ကြိုးစားပြီးတော့ ရွာကအမေကိုလည်း ပြန်လည်အလုပ်အကျွေးပြုစုပေးချင်ပါတယ်"ဟု ပြောပြသည်။

"သမီးက ဆယ်တန်းကို ဘောဂတွဲယူထားပါတယ်။ ဒီမှာ နေရစားရတာလည်း အဆင်ပြေပါတယ်။ မိဘတွေက တောင်ယာလုပ်ပါတယ်။ မိဘတွေအဆင်မပြေလို့ ကျောင်းထားမပေးနိုင်တော့ ဒီကိုရောက်လာတာပါ။ ဒီကနေ ဆယ်တန်းကို အောင်မြင်အောင်ကြိုးစားပြီး ဆရာဝန်ကြီးဖြစ်အောင်လုပ်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု ရှမ်းပြည်နယ်(တောင်ပိုင်း) လုံခုတ်အုပ်စု ကျောင်းလွယ်ကျေးရွာမှ ကျောင်းသူမလေးနွယ်က ပြောပြသည်။

ကမ္ဘာပေါ်တွင်ရှိသည့် ကလေးများစွာသည် ဆာလောင်ခြင်း၊ နာကျင်ခြင်း၊ ငတ်မွတ်ခြင်းဆိုသည့် ဒုက္ခပေါင်းများစွာနှင့် ကူညီသူမဲ့ဖြစ်နေရရှာသည်။ အမိအဖမဲ့ရင်သွေးငယ်များ၊ နွမ်းပါးကလေးငယ်များအတွက် ကျွန်ုပ်တို့၏ နွေးထွေးမှု၊ ကြင်နာမှုတို့သည် ၎င်းတို့၏ နှလုံးသားထဲတွင် လိုအပ်နေကြသည်။

ထို့ကြောင့် ကမ္ဘာကြီးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်လူသားအရင်းအမြစ်များကို ကျွန်ုပ်တို့၏ အကြင်နာလက်များနှင့်တွဲခေါ်ကာ ၎င်းတို့၏ အနာဂတ်များ ထွန်းလင်းတောက်ပအောင် ဆောင်ရွက်ပေးကြရင်း နောင်တစ်ချိန်မှာ ၎င်းတို့၏အစွမ်းအစများနှင့် ပိုမိုတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ဖန်တီးနိုင်မည်ဆိုသည်ကို မယုံကြည်လို့မရပါ။ ထို့ကြောင့် "ပို့မည့်ပို့ ကူးတို့ရောက်အောင်ပို့" ဆိုသလို ကျွန်ုပ်တို့သည် ပရဟိတလုပ်ငန်းကြီးကို နှစ်ပေါင်းများစွာ ရှည်ကြာအောင် လက်ဆင့်ကမ်းသယ်ပို့ကြပါစို့ဟု ဆန္ဒပြုလိုက်ရပါသည်။ ။

## ကျိုက်ထိုမြို့ မိဘဂုဏ်ရည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

**ကျိုက်ထို ဇူလိုင် ၉**

ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စုတွင် မိဘဂုဏ်ရည်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဇူလိုင် ၄ ရက် မွန်းတည့် ၁၂ နာရီက သတ္တုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းကြည်၊ အလှူရှင် ဦးရွှေကြည်-ဒေါ်တင်ကြည်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြက စာပေ၏အကျိုးကျေးဇူးကိုလည်းကောင်း၊ အလှူရှင် ဦးရွှေကြည်က လှူဒါန်းရသည့်ရည်ရွယ်ချက်ကိုလည်းကောင်း ပြောကြားခဲ့သည်။

ယင်းနောက် စာကြည့်တိုက်ငွေပဒေသာပင်စိုက်ထူရန်အတွက် ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးဌေးလွင်က အလှူငွေတစ်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ငါးသောင်း၊ ဦးရွှေကြည်-ဒေါ်တင်ကြည်က သုံးသိန်းနှင့် အလှူရှင်များစုပေါင်းလှူဒါန်းငွေ ငါးသိန်းခွဲ၊ စာအုပ်စာစောင်များ၊ နာရီတို့ကိုလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး စာကြည့်တိုက်ကော်မတီမှ ဦးမျိုးမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါစာကြည့်တိုက်သည် အလျားပေ ၃၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေစုစုပေါင်းကျပ် ၁၇၀ သိန်းကျော်အား ဦးရွှေကြည်-ဒေါ်တင်ကြည်တို့က မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

MJC မြန်မာ-ဂျပန်စင်တာ Business Management, Entrepreneurship နှင့် Business Manner သင်တန်းများဖွင့်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MoC)၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဗဟိုဌာန(MJC) တွင်စီးပွားရေးစီမံခန့်ခွဲသူများအတွက် "Business Management" သင်တန်းများ၊ စီးပွားရေးစတင်လိုသူများနှင့်လုပ်ငန်းချဲ့ထွင်လိုသူများ အတွက် Entrepreneurship နှင့် ကျောင်းသား/သူများနှင့် လုပ်ငန်းခွင်ဝင်ရန်ပြင် ဆင်နေသူများအတွက် "Business Manner" သင်တန်းများကို ဩဂုတ်လ နှင့် စက်တင်ဘာလအတွင်း၌ အောက်ပါအစီအစဉ်အတိုင်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။ Business Management သင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ စကားပြန်များကိုလည်း စီစဉ်ထား ပါသည်။

Business Management & Business Manner Courses (August & September 2015)

| Subject | Time | Training Period | Language |
|---|---|---|---|
| 1. Business Plan Development (BP)-2 | 9:00-16:00 | Mon to Thur (27-30 July) | Eng-Myan |
| 2. Business Plan Development (BP)-3 | 9:00-16:00 | Mon to Thur (3-6 Aug) | Eng-Myan |
| 3. Financial Management (FM)-2 | 9:00-16:00 | Mon to Thur (27-30 July) | Eng-Myan |
| 4. Companies grow in Myanmar | 9:00-16:00 | Sat & Sun(15,16,29,30Aug) | Eng-Myan |
| 5. Leadership/Communication skills & Business Manner | 13:00 – 16:00 | Mon to Fri (14-25 Sep) | Myanmar |
| 6. Entrepreneurship (Innovative) | | 21-24 Aug | Eng-Myan |

သင်တန်းကြေး - တစ်ဘာသာလျှင် ၅၀၀၀၀ ကျပ် (BP, FM, CGM)၊ ၃၀၀၀၀ ကျပ် (Business Manner)

Entrepreneurship (Innovative)

21-24 August 2015, မင်္ဂလာဂါးဒင်းဟိုတယ်၊ပြည်မြို့ (Eng-Myan)

သင်တန်းကြေး - ၆၀၀၀၀ ကျပ်

သင်တန်းသားများစတင်လက်ခံနေပြီဖြစ်ပြီးသင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့်ဦးရာလူစနစ်ဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။ (သင်တန်းအပ်နှံရာတွင် ဓါတ်ပုံ(၃)ပုံယူဆောင်လာပါရန်)

နေရာ - MJC သင်တန်းခန်းမ၊ ၁၂ ထပ်၊UMFCCI Office Tower
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

**လုပ်ငန်းရှင်များအတွက်အထူးအစီအစဉ်-**

MJC Experts များမှ လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော **Tailor Made Program** များကိုလည်း Door to Door System ဖြင့် ဆောင်ရွက်ပေးနေပါသည်။

အသေးစိတ်သိလိုပါက- **မြန်မာ-ဂျပန်စင်တာ**

ဖုန်း - ၀၁- ၂၃၀ ၁၆၆၂၊ ၀၉-၂၅၀ ၁၈၅ ၄၅၅၊ ဖက်စ် - ၀၁ ၂၃၀ ၁၆၆၃

Email Address: mjc.businesscourse@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမည်ပြောင်း**

ဦးအေးသန်း၏သမီး အထက(၄) အလုံ ဒသမတန်း(D)မှ မဂျမ်းခင်ခင်အား မချမ်းမြနဒီဟု ပြောင်းလဲခေါ်ဆိုပါရန်။

ရော်ဘာခြံရောင်းမည်

ပုသိမ်-ငွေဆောင်လမ်းမကြီးနှင့် မော်တင်လမ်းခွဲ၊ မော်တင်လမ်းမအနီး ကတ္တရာလမ်းဘေးမြေပြန့်တွင် စိုက်ပျိုးထားပြီး အပင် (၁၀၀၀)ခန့် (၅) နှစ်သားရှိ သည်။ (၅. ၁၃)ဧကရှိသည်။ (စျေးနှုန်း သိန်း ၄၆၀ )

ဖုန်း-၀၉-၄၂၂၄၅၉၅၇၉၊ ၀၉-၄၉၂၈၃၅၅၉ (ညှိနှိုင်းနိုင်သည်။)

**အများသိစေရန် ကြေညာချက်**

၁။ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၅၁၅)၊ အမှတ်(၅၁၅)တွင် (၃½)ထပ်တိုက် အဆောက်အဦ ဆောက်ခွင့်အားဤဌာန၏ (၁၂-၁၂-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၄၃၇၇/၄၃၇၅/စည်ပင်-ယာ(အုံ)ဖြင့် မြေရှင် ဦးတင်အေး၊ လိုင်စင်ရ ကန်ထရိုက်တာ ဦးသိန်းလင်းဇော် (LC-442)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးမျိုးမြင့်သောင်း (LS-218)ဖြင့် ဆောက်လုပ်ခွင့်ပြုထားခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ(၃½)ထပ်တိုက် အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပိတ်သိမ်းခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရ ကန်ထရိုက်တာနှင့် လိုင်စင်ရ အင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် သစ်သားသေတ္တာနှင့် စက္ကူသေတ္တာများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စျေးနှုန်းလွှာများကို ညွှန်ကြားရေးမှူး (ဆေးနှင့် ဆေးပစ္စည်း၊ ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇)စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၆-၇-၂၀၁၅ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၇-၂၀၁၅ ရက် မွန်းလွဲ (၂း၀၀) နာရီ

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁- ၃၇၁၂၈၄၊ ၀၁- ၃၇၂၃၆၂

ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန

အမြန်ရောင်းမည် (ညှိနှိုင်းဈေး)
ရန်ကုန်မြို့-တာမွေတာန်း
မဟာဗန္ဓုလလမ်းမပေါ် မြေညီထပ်
(13' x 55')
(အရှုပ်အရှင်းကင်း)
ဆက်သွယ်ရန်၊ 09 974719835
09 250656840

သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက် ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လျှုတန်းကြ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လျှုဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။

ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

### နတ်ထိန်းများ

အမရပူရမြို့တော်မှ မန္တလေးမြို့တော်တည်ထောင်ပြောင်းရွှေ့ရာတွင်လည်း နတ်ထိန်း၊ နတ်နှင့်နှီးနွယ်သူများ လိုက်ပါလာရကြောင်း နတ်စု၊ နတ်ဝင်း ရပ်ကွက်တို့က သက်သေခံလျက်ရှိ၏။ ဤနေရာတွင် နတ်အုပ်၊ နတ်ထိန်းတို့ကို ဘုရင့်အမိန့်ဖြင့် ဆင့်ဆိုပြီး တင်ကြားပသ တီးမှုတ်ကခုန်စေရသည့် အခင်းအကျင်းမှ ၃၇ မင်း နတ်နန်းအလိုက် တာဝန်ယူနတ်ထိန်းများလည်း အရေးပါခဲ့ကြောင်း မှတ်သားရပါ၏။ ယင်းတို့၏ အမည်များကိုလည်း စေ့စေ့စုံစုံ ဖော်ပြသင့်သည်ထင်ပါသည်။ ထိုသို့ နတ်ထိန်းတာဝန်အလိုက် ခွဲဝေပသစေရာတွင်-

"မဟာဂိရိနတ် တင်ကြားပသရန် နတ်ထိန်းငစ၊ တောင်ကြီးရှင်နတ် တင်ကြားပသစေရန် နတ်ထိန်း ငမိုက်၊ ရွှေပနက် တင်ကြားပသစေရန် နတ်ထိန်းငစံသူ၊ သုံးပန်လှနတ် တင်ကြားပသစေရန် နတ်ထိန်းမိလှအေး၊ မင်းခေါင်ကြီးနတ် တင်ကြားပသစေရန် နတ်ထိန်းမိခင်ဆွေကြီး၊ မင်းတရားကြီးနတ် တင်ကြားပသစေရန် နတ်ထိန်းမိသောင်း၊ သံတော်ခံနတ် တင်ကြားပသစေရန် နတ်ထိန်းမိဆန်း၊ ရွှေနော်ရထာနတ် တင်ကြားပသစေရန် နတ်ထိန်း မိမိန်းကလေး၊ အောင်စွာမကြီးနတ် တင်ကြားပသစေရန် နတ်ထိန်းမိခက်၊ ငါးစီးရှင်နတ် တင်ကြားပသစေရန် နတ်ထိန်း မိဘားဉ၊ ဆင်ဖြူရှင်နက် တင်ကြားပသေစေရန် နတ်ထိန်း မိပွင့်၊ တောင်မကြီးနတ် တင်ကြားပသစေရန် နတ်ထိန်းမိအို၊ မြောက်ပင်ရှင်ဖြူနတ် တင်ကြားပသစေရန် နတ်ထိန်းမိချို၊ ရှင်တော်နတ် တင်ကြားပသေစေရန် နတ်ထိန်းမိပြောင်း၊ ညောင်ချင်အိုနတ် တင်ကြားပသစေရန် နတ်ထိန်းမိမင်းသော်၊ တပင်ရွှေထီးနတ်တင်ကြားပသစေရန် နတ်ထိန်းမိစာ၊ မင်းရဲအောင်တင်တန် တင်ကြားသပစေရန် နတ်ထိန်းမိအိုအကြီး၊ ရွှေစစ်သင်နတ် တင်ကြားပသစေရန် နတ်ထိန်းမိရိုး၊ မောင်ပိုးတူနတ် တင်ကြားပသစေရန် နတ်ထိန်းမိနု၊ မယ်တော်ရွှေစကားနတ်တင်ကြား နတ်ထိန်းငကူး၊ ယွန်းဘုရင်နတ် တင်ကြားပသစေရန် နတ်ထိန်းမိသဲကြီး၊ ငမင်းဖြူနတ် တင်ကြားပသစေရန် နတ်ထိန်းမိအိ၊ မန္တလေးဘိုးတော်နတ် တင်ကြားပသစေရန် နတ်ထိန်းမိဝိုင်းကြီး၊ ရွှေဖျဉ်းညီနောင်နတ် တင်ကြားပသစေရန် နတ်ထိန်းမိကူး၊ မင်းသားမောင်ရှင်နတ် တင်ကြားပသစေရန် နတ်ထိန်းမိအေးသာ၊ ထီးဖြူဆောင်းနတ် တင်ကြားပစေရန် နတ်ထိန်းမိသဲ၊ မယ်တော်ရွှေအိမ်သည်နတ် တင်ကြားပစေရန် နတ်ထိန်းငဆိုး၊ မင်းကျော်စွာနတ် တင်ထိန်းမိမင်းထွေး၊ မြောက် ဘက်ကတော်နတ် တင်ကြားပစေရန် နတ်ကြားပသစေရန်နတ်ထိန်းမိမင်းထွေး၊ ရှင်ကုန်းနတ် တင်ကြားပစေရန် နတ်ထိန်းမိရေး၊ ရှင်ကွနတ် တင်ကြားပသစေရန် ရှင်ကွနတ်တင်ကြားပသစေရန် နတ်ထိန်းမိနှစ်၊ ရှင်နဲ့မိနတ် တင်ကြားပသစေရန် နတ်ထိန်းမိမင်းကောင်း၊ ကိုး ကောင်းတကာနတ် တင်ကြားပသစေရန် နတ်ထိန်း ခွေးညို။"

ထိုနတ်ထိန်းတို့ဖတ်ပြစေရန် နတ်ဆုတောင်းစာမှာလည်း "ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆဒ္ဒါန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ သိကြာစတုလောကပါလ သာသနာတော်စောင့် သမ္မာဒေဝဆဒိသာပါလ ယက္ခသေနာပတိနတ်၊ မိုးနတ်၊ လေနတ်၊ အသူရိန်၊ မဏိမေခလာ၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး နတ်ကောင်းနတ်မြတ်အပေါင်းတို့နှင့် တောင်ပြုန်းနတ်၊ အောင်ပင်လယ်ကန်တော်စောင့်နတ်၊ မန္တလေးရွှေတောင်ကိုစောင့်သော ဘိုးတော်ကြီးနတ်မှစ၍ ၃၇ ပါးသောနတ်၊ ရွှေမြို့တော်ကြီးတည်ရာ တော၊ တောင်၊ ရေ၊ မြေ စောင့်နေကုန် သော နတ်အပေါင်းတို့။"

"ငါအရှင် ဇေကရာဇ်မင်းမြတ်သည် အာဒိစ္စဝံသ အသမ္ဘိန္နသကျသာကိယ နေနတ်နွယ်မျိုး နတ်ရိုးအစစ်ဖြစ်တော်မူသည်နှင့်အညီ ဘေးတော်ဘုရား၊ ခမည်းတော်ဘုရားတို့ အရိုက်အရာဖြစ်တော်မူသော အမရပူရ ရွှေပြည်တော်ကြီး ရွှေထီး၊ ရွှေနန်းတိုင်းကားနိုင်ငံအပေါင်းတို့ တရားသဖြင့် သိမ်းအုပ်စိုးစံ စံပယ်တော်မူ၍ သာသနာတော်မြတ် အကျိုးစီးပွား၊ ရဟန်းရှင်လူပြည်သူ သတ္တဝါအပေါင်းတို့ အကျိုးစီးပွားများစေကြောင်းကို ကောင်းမြတ်သော သမ္မာဆန္ဒဥဿဟဖြင့် ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။ သာသနာတော် ၂၄၀၀ ရောက် သောအခါ မန္တလေးအရပ်၌ ရတနာပုံပြည်ကြီးဖြစ်လတ္တံ့" ဟူ၍လည်းကောင်း ဗျာဒိတ်စကား သိကြားဂဝံပတေ့ ရသေ့သူမြတ်တို့ထားခဲ့သော သိုက်ဓာတ်နိမိတ် များစွာလာရှိသည်နှင့်အညီ မန္တလေးအရပ်၌ မြို့နန်းတည်ထောင်စံတော်မူပါမည်အကြောင်းနှင့် ပညာရှိတို့ ရှိခိုးသံတော်ဦးတင်ချက်အတိုင်း မြို့တော်၊ နန်းတော်တည်ထောင်စံနေတော်မူမည်။

သက္ကရာဇ် ၁၂၁၈ ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက်နေ့ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ရွှေမြို့ရွှေနန်းတော်ကြီး တည်တော်မူရာ တောခုတ်သန့်ရှင်း ပြင်ဆင်စေသည်။ နတ်မြတ်တို့အားလည်း ရာဇပြကတေ့ ဖြစ်ကာ အပရိဟာနိယတရားနှင့်အညီ တင်ကြားပသမြဲ တန်ဆောင်း၊ စည်ယှဉ်၊ ဖျင်၊ အုန်း၊ ကြံ၊ ငှက်ပျော၊ ထမင်း၊ မုန့်၊ ယို၊ အချိုအချဉ်၊ ဘောဇဉ်၊ အရသာ၊ ဆီမီး တန်ဆောင်၊ သီးမျိုးအဦးအစုံ အထူးထူးသော အဖွယ်အရာ နတ်တကာတို့ဖြင့် ပဥ္စင်တူရိယာ အစုံအလင် သဘင်ပွဲလမ်းဖြစ်စေလျက် တင်ကြားပသပူဇော်တော်မူမည့် နတ်မြတ်တို့သည် သာသနာတော်မြတ် အစီးအပွား၊ ကိုယ်တော်မြတ် အစီးအပွားများစေကြောင်း၊ ရွှေမြို့တော်ကြီး ရွှေထီးရွှေနန်း စိုက်ဆောက်တည်ထောင်တော်မူသည့် အလိုတော်အတိုင်း ပြည့်စုံအောင်မြင်စေကြောင်းကို ကောင်းသောမစကြည့်ရှုကြသည် ဖြစ်စေသော်ဟူ၍ ရွတ်ဖတ်ပူဇော် ဆုတောင်းပေးရသည်။ ဤသို့လျှင် မင်းတုန်းမင်းလက်ထက် နတ်ထိန်းယောကျ်ား၊ နတ်ထိန်းမိန်းမတို့သည်လည်း ရှေးထုံးအတိုင်းပသမှု ပြုပြီးမှ ပန်းသုံးကနက်စိုက်မှတ် အခါတော်ကြားစေသည်။

ရွှေမြို့တော် အရှေ့မြောက်ထောင့်က တောင်ကို လက်ယာရစ်လှည့်လည်၍ ပရိတ်တော်ရေဖျန်းရ၏။ ရွှေပန္နက်၊ ငွေပန္နက် စိုက်မှတ်ရ၏။ နေ့ကျော်သား မြင်းသည်တော်တို့ကို ရွှေတံမျဉ်း၊ ငွေတံမျဉ်း၊ ရွှေပန္နက်၊ ရွှေလက်ရိုက်၊ ငွေလက်ရိုက်များဖြင့် စ၍ ရိုက်မှတ်ကြ၏။

မြို့တော်တည်သောအခါ မင်းတရားကြီးလည်း အနီးကပ် စံနေတော်မူရန် ရည်ရွယ်သည့်အလျောက် နန်းမြို့တော်အတွင်း စံနန်းတော်ကို အလျင်အမြန် ဆောက်လုပ်ကြရ၏။

ဆက်လက်ဖော်ပြပါမည်။

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

We must work together! MYANMAR'S LAND Success, Motivation and Management Institute We must build our Nation!
လူငယ်မန်နေဂျာသင်တန်း YOUNG MANAGER TRAINING
စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက်...
- အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
- Marketing, HR, Operation အခြေခံအသိသုတများ
- Business Plan, Business Model ရေးဆွဲနည်း
- ခေါင်းဆောင်မှုပညာ (Leadership Skill)
- အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
- Problem Solving Skill, How to get idea ?

၂၅-၇-၂၀၁၅ ဖွင့်မည် သင်တန်းကာလ (၂-လ) Sat-Sun 5:30 pm to 7:30



www.facebook.com/mlinstitute
ABE (UK) ... (WORLD FIRST) ...
ဆရာ လင်းသိုက်ညွန့် (မြန်မာပြေ) ...
... Guest Speaker ...
Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Can Contact : 548500, 098628594, 0943121060, 095010014, 0932350785 website : www.lynnthaiknyunt.com
New Campus

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၀

SEVEN ဝံ
မြေကွက်ရောင်းဝယ်ရေး
SEVEN ဝံ နှင့်ဆက်သွယ်လိုက်ပါ။
Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

ဖခင်အမည်မှန်
သာစည်မြို့နယ်၊ ယင်းမာပင်၊ အထက(ခွဲ)၊ ဒသမတန်း(B)မှ မောင်ကျော်ပိုင်ထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး[၁၄/မအန(နိုင်)၀၃၆၄၁၈]ဖြစ်ပါသည်။
ဦးအောင်ကျော်မိုး

ကြေညာချက်
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပြုလုပ်ပေးသော PDP/EDP သင်တန်းအမှတ်စဉ် Course IV ကို (၁၁-၇-၂၀၁၅) စနေနေ့ နှင့် (၁၂-၇-၂၀၁၅) တနင်္ဂနွေနေ့များတွင် ရန်ကုန်နည်းပညာတက္ကသိုလ် YTU ကြို့ကုန်းတွင် ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်
မြန်မာဂေါက်သီးရိုက်အသင်း၊ ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၄/၂၀၁၅ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးအား ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင်လည်းကောင်း၊ ၂၀၁၅/၂၀၁၇ခုနှစ်အတွက် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ယင်းနေ့ နံနက်၁၀နာရီမှ ညနေ၃နာရီထိလည်းကောင်း ကျင်းပရန်ရှိပါသဖြင့် အသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၄-၂၀၁၄ရက် မှ ၃၁-၃-၂၀၁၅ရက်အထိ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၁၂-၇-၂၀၁၅ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

အမည်ပြောင်း
ပခုက္ကူမြို့နယ်၊ လက်ပံကျွန်းရွာနေ မောင်ဖေယျာအောင်[၈/ပခက(နိုင်) ၂၃၆၅၇၃] ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် [၈/ပခက(နိုင်)၁၃၃၁၈၉]ဖြစ်ပါသည်။ ဦးဝင်းဗိုလ်

ရောင်းရန်
ရန်ကုန်မြို့သစ်စိမ်းကိန်း ဧရိယာအနီးရှိ လယ်ဧက(၆၀၀)ကျော် ရောင်းရန်ရှိသည်။
ဖုန်း - ၀၉-၂၅၄၂၆၉၃၅၊ ၀၉-၄၃၁၇၅၅၂

တိုက်ခန်းရောင်းမည်
စမ်းချောင်း၊ ဇလွန်လမ်းအနီး၊ မြေညီထပ်၊ ထပ်ခိုးပါ၊ ပေ(၁၅×၆၀)အဆင့်မြင့်ပြင်ဆင်ပြီး၊ သိန်း(၈၅၀)
ဖုန်း-၀၉-၅၀၃၆၆၇၃

နေလစ်ဝဲန်
အဆီကျဗိုက်ချပ်လိုသူများအတွက် ဗိုက်ချပ်လိမ်းဆေး၊ အဆီကျသောက်ဆေး၊ ယားခွာလိမ်းဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ။ အမြို့မြို့အနယ်နယ်မှ ဆေးမျိုးစုံဆိုင်တိုင်းတွင် ရနိုင်ပါသည်။
ပင်ရင်း - Ph: 01-200491, 09-5041238

ဖတ်စရာ

# စစ်ကိုင်းမြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်ပွဲတော်နှင့် တင့်တယ်မာန်ပါ အသင်္ခယာစောယွမ်းရုပ်တု

**à တိမ်တမန်**

စစ်ကိုင်းမြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်ပွဲတော်ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ၂၈ အထိ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။ စစ်ကိုင်းမြို့မှာ မြန်မာနိုင်ငံတွင်ထင်ရှားပြီး မသိသူမရှိသောမြို့ပင်ဖြစ်သည်။ သူတော်စင်များ တရားရှာဖွေရာ စစ်ကိုင်းတောင်တော်မဟာသည် ထင်ရှားလှသည်။ စစ်ကိုင်းမြို့ကို ပင်းယမြို့တည် တစ်စီးရှင်သီဟသူ၏ မြောက်နန်းရတနာပုံမိဖုရားမှဖွားမြင်သော အသင်္ခယာစောယွမ်းက သက္ကရာဇ် ၆၇၇ တွင် အတုလဝတီမြို့ကိုတည်ခြင်းမှသည် စစ်ကိုင်းသမိုင်းကို စတင်ခဲ့သည်ဟု သိရသည်။

စစ်ကိုင်းဟုခေါ်တွင်လာမှုကို ပြောဆိုရာတွင် စူဠာသမ္ဘဝနှင့် မဟာသမ္ဘဝဟူသော မျက်မမြင်အမွှာမင်းသားနှစ်ပါး မသိုးထမင်း မသိုးဟင်းနှင့် ဖောင်မျောလာရာ စစ်ကိုင်းအရပ်အရောက်တွင် မြစ်အတွင်း ကိုင်းပေါက်နေသော စစ်ပင်ကြီးကိုင်းနှင့်ငြိကာ ဖောင်ရပ်တန့်မှုကြောင့် စစ်ပင်ကိုင်း (သို့မဟုတ်) စစ်ကိုင်းဟု ခေါ်တွင်ခဲ့ကြောင်းနှင့် တစ်ဖက်တွင်လည်း ဧရာဝတီမြစ်စီးဆင်းလာရာတွင် စစ်ကိုင်းမြို့အရောက်၌ လေးကိုင်းသဖွယ် အရှေ့အနောက် စကိုင်းကာစီးဆင်းသွားခြင်းကို အကြောင်းပြုကာ စကိုင်းမှသည် စစ်ကိုင်းဟုခေါ်ဝေါ်ကြောင်း သုသေတနပညာရှင်များ၏မှတ်တမ်းများတွင် နှစ်မျိုးနှစ်စား လေ့လာတွေ့ရှိရသည်။

စစ်ကိုင်းမြို့သည် ဇေယျာရွှေမြေဟုလည်း ညွှန်းဆိုသလိုပင် သူတော်စင်များ တရားရှာရာ စစ်ကိုင်းတောင်တော်မဟာရှိသည့်မြို့အဖြစ် တင်စားထားသည်။

ကြုံခဲသော အနှစ် ၇၀၀ ပြည့်ပွဲအတွက် ၇၀၀ ပြည့်ကွင်းကိုလည်း ပြုလုပ်မှုမှာ များစွာပြီးစီးနေပြီဖြစ်သည်။ အနှစ် ၇၀၀ ပြည့်ပွဲနှင့်အတူ စစ်ကိုင်းမြို့ကိုတည်ထောင်သူ အသင်္ခယာစောယွမ်းရုပ်တုမှာ စစ်ကိုင်းမြို့တွင် အမှတ်တရအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေမည်ဖြစ်သည်။ ယခုအခါတွင် အသင်္ခယာစောယွမ်းရုပ်တုကို စစ်ကိုင်းမြို့ သီရိမင်္ဂလာခုံးကျော်တံတားအဆင်း အိုးဘိုအဝိုင်းပတ်တွင် ခံ့ထည်စွာထားရှိပြီး ဖြစ်သည်။

အမြင့်ပေ ၁၃ ပေ × ၆ လက်မ (ကိုးတောင်) ရှိသည့် မာန်ပါသောရုပ်တုကို အဝိုင်းသုံးဆင့်ခံကာ စိုက်ထူထားသည်။ အဆင့်သုံးဆင့်မှာ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်တို့ကို ပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းမြို့သည် တံတားညီနောင်၊ မြစ်ညီအမတည်ရှိရာနေရာ၊ သမိုင်းဝင်စေတီပုထိုးများစွာတည်ရှိရာနေရာ၊ ခံ့ထည်စွာသော အနှစ် ၇၀၀ ပြည့်အမှတ်တရ ရုပ်တုရှိရာမြို့မဟာပင်



ဖြစ်လာတော့မည်ဖြစ်သည်။

ယခုအခါတွင် စစ်ကိုင်းမြို့တည်နန်းတည် အနှစ် ၇၀၀ အထိမ်းအမှတ် အသင်္ခယာစောယွမ်းရုပ်တုမှာ မတ်တပ်ရပ်ကာ ဓားထုတ်ဟန်ဖြင့် တင့်တယ်စွာတည်ရှိနေသည်။ စစ်ကိုင်းမြို့ကိုရောက်တိုင်း အသင်္ခယာစောယွမ်းရုပ်တုနှင့် အနှစ် ၇၀၀ ပြည့်ခြင်းကို ပူးတွဲမှတ်မိနေမည်ဖြစ်သည်။ စစ်ကိုင်းမြို့တည်နန်းတည်နှစ် ၇၀၀ ပြည့်ပွဲတော်မဟာနှင့် တင့်တယ်မာန်ပါ အသင်္ခယာစောယွမ်းရုပ်တုမှာ စစ်ကိုင်းမြို့ဂုဏ်ဆောင် သင်္ကေတတစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိနေမည်ဖြစ်သည်။

## ကလေးဝမြို့၌ မိုးစပါးချေးငွေများ ထုတ်ချေးပေး

**ကလေးဝ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများ မိုးစပါးစိုက်ပျိုးရာတွင် အဆင်ပြေစေရန်အတွက် မိုးစပါးချေးငွေများကို ဇွန်လမှစ၍ စတင်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း ကလေးဝမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဒေါ်စန်းစန်းလှုက ပြောသည်။

"ဒေသတွင်းမှာရှိတဲ့တောင်သူတွေ မိုးစပါးချေးငွေရရှိလို့ လယ်ယာသီးနှံတွေ အချိန်မီစိုက်ပျိုးနိုင်ပြီး အဆင်ပြေစေဖို့၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ မြန်မာ့လယ်ယာထွက်ကုန်တွေကို နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ချေးပေးတာဖြစ်တယ်" ဟု ၎င်းကပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မိုးစပါးချေးငွေထုတ်ချေးရန် ငွေကျပ်သိန်း ၁၄၅၀၀ လျာထားရာ ထုတ်ချေးခွင့်ပြုချက်ရရှိပြီး ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ လယ်ဧက ၁၄၅၀၀ ကို တစ်ဧကတစ်သိန်းနှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ကာ အတိုးနှုန်းမှာ ချေးငွေကျပ် ၁၀၀ ကို တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းအတိုးဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်၍ လျော့နည်းမှုရှိလာ

**ကျွန်းစု ဇူလိုင် ၉**

ကျွန်းစုမြို့နယ်အတွင်း မိုးရာသီ၌အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါအား ကြိုတင်ကာကွယ်စေရေးလုပ်ငန်းများ အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက် နံနက် ၇ နာရီက အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးအဖွဲ့များ ပူးပေါင်းကာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ လိုက်ပါလျက်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ အပတ်စဉ် ရပ်ကွက်အသီးသီးနှင့် ကျေးရွာများတွင် အလှည့်ကျ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ၊ ပိုးလောက်လန်းသေဆေးများ ထည့်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ်အတွင်းတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ မေလတွင် ၂၃ ဦး၊ ဇွန်လတွင် ၁၀၉ ဦးအထိရှိလာပြီး ယခုအခါ မြို့နယ်လုံးကျွတ်အနေဖြင့် ၇၇ ဦးသာရှိလာကာ နေ့စဉ် ကျေးရွာများရှိ ကျန်းမာရေးဌာနများ၏ တင်ပြချက်များအရလျော့နည်းလာပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံတွင်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းလာပြီဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဝန်ထမ်းတစ်ဦးကလည်း ပြော ကြားခဲ့သည်။ **ကျွန်းစု(ပြန်/ဆက်)**

ချမ်းမြိုင်သာ
562829,09-73198239
569782,09-450006779

သုံးရာသီ ဝမ္မဒါန
ဝါဆိုသင်္ကန်းကပ်အလှူ ၁၀-၇-၂၀၁၅
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀ဝိ
ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
သင်္ကန်းပေး၊ ထပင်းကျွေး - ၄၀၀၀ဝိ
တောင်ပြုံးပွဲတော် ကြိုတင်လက်မှတ်ရောင်းပြီ
420144148, 421163757, 73184847

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

Working Professional များနှင့် Entrepreneur များအတွက်
Management & Science University
(MSU), Malaysia မှ တိုက်ရိုက်ပေးအပ်သော
MBA
(18 Months)
Specialisation in
Organisational Leadership
Global Marketing
Finance
Health Care Management



UK, Japan, Germany ရှိ Top University များမှ Dual MBA ရယူနိုင်ပါသည်။
August Intake
50% Scholarship &
Installment Availiable
YCTC Business Institute
အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ (Park Royal) အနီး။
(09) 420 163316 , (09) 254 269644
www.yctcinstitute.com

FMI

FIRST MYANMAR INVESTMENT CO., LTD.
(၂၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

First Myanmar Investment Co., Ltd. ၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၂၅-၇-၂၀၁၅ (စနေနေ့)
ကျင်းပမည့်အချိန် ။ ။ ညနေ (၃း၀၀)နာရီမှ ညနေ (၆း၀၀)နာရီအထိ
ကျင်းပမည့်နေရာ ။ ။ Sedona Hotel (Grand Ballroom)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

အစည်းအဝေးသို့ အစုရှယ်ယာရှင်ကတ် (သို့မဟုတ်) အစုရှယ်ယာလက်မှတ်နှင့်တကွ ကြွရောက်ပါရန်နှင့် **ဖိတ်စာအချိန်မီမရရှိသော အစုရှယ်ယာရှင်များအနေနှင့် ဤကြော်ငြာစာကို ဖိတ်စာအဖြစ်မှတ်ယူ၍ အစည်းအဝေးသို့ ကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။** အစည်းအဝေးမတက်ရောက်နိုင်ကြသော အစုရှယ်ယာရှင်များသည် ကြိုတင်ပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ FMI Co., Ltd. ရုံးခန်းသို့ ၂၂-၇-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးအစီအစဉ်တွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန် ဖြစ်ပါသည်။

သာမန်ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ရန်
၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို အတည်ပြုရန်။
၂။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အမြတ်ဝေစုကို အတည်ပြုရန်။
၃။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်မှုနှင့် ခန့်အပ်မှုအတည်ပြုရန်။
၄။ V Advisory Limited အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်အဖြစ်ခန့်အပ်ရန်။

အထူးဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ရန်
၁။ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ချက်ကို အတည်ပြုရန်

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ကို ၁၇-၇-၂၀၁၅ ရက်အကုန်တွင်ရှိသည့် အစုရှယ်ယာအရေအတွက်အတိုင်း ရယူခွင့်ရှိမည်ဖြစ်ပြီး၊ ထိုအမြတ်ဝေစုကို ၃-၈-၂၀၁၅ ရက်၊ တနင်္လာနေ့မှစ၍ နံနက်(၉း၀၀)နာရီမှ မွန်းလွဲ (၂း၀၀)နာရီအတွင်း FMI Co., Ltd. တွင် စတင်ထုတ်ဝေပေးမည် ဖြစ်ပါသည်။

မေးမြန်းလိုသည့် အချက်အလက်များကို ဤကုမ္ပဏီသို့ (၂၂-၇-၂၀၁၅) ရက် ညနေ(၄း၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
FMI Co., Ltd.

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ဖြတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဖော်ပြပေးနေပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ကိုကိုနှင့် မြိုင်မလာနိုင်လင့်ကစား ရောက်သမျှလူကုန်မှာ ဆွေမျိုးစုံသလောက်ပင် ဖြစ်သောကြောင့် မင်္ဂလာအခါနှင့်အညီ ကျွန်တော့်အိမ်သည် စည်ကားသိုက်မြိုက်လျက် ပျော်ရွှင်ဖွယ် ပြည့်နေပါ၏။

ဖေဖေသည် ဆေးပြင်းလိပ်ကြီးခဲလျက် တပြုံးပြုံးရှိနေသည်။ ဖေဖေ တပြုံးပြုံးရှိသဖြင့် ကျွန်တော်ပျော်မိပါသည်။ ကျွန်တော့်အပေါ် ကြင်နာသမျှ တာဝန်ကျေပွန်ခဲ့သူ ကျေးဇူးရှင် ဖခင်ဆန္ဒအတိုင်း ရွှေအိုးထမ်းပြနိုင်ခဲ့သည့် သားတစ်ယောက်အဖြစ် ဂုဏ်လည်းယူမိပါသည်။ ဘဝ၏ နိဂုံးပိုင်းကို ရောက်ခဲ့ကြပြီဖြစ်သဖြင့် သံသရာရေးအတွက် ကြိုးပမ်းရန်မှတစ်ပါး ဤလောကမှ ကိုယ်ရေးကိုယ်တာ ဆုလာဘ်ပဏ္ဏာဟူ၍ အခြားဘာမျှ မမျှော်လင့်နိုင်ကြသော မိဘနှစ်ပါးအတွက် မိမိတို့၏ ကိုယ်စားလည်းဖြစ်၊ ကိုယ်ပွားလည်းဖြစ်သူ၊ ရင်သွေးသားသမီးသည် အစစအရာရာ မိမိတို့ မှန်းထားချက်နှင့်အညီ စိတ်တိုင်းကျ ဖြစ်လာသောအခါ ကျေနပ်နှစ်သိမ့်မှုသဘောကို စာဖွဲ့ပြ၍ ရဦးမည် မထင်ပါ။

ဤသို့ စာဖွဲ့ပြနိုင်သောသဘောကို ဖေဖေက နားလည်အောင် ပြောခဲ့သည်။

"ဖေဖေ ပြောပြီးသားစကားကို ထပ်ပြောရဦးမယ် မောင်၊ ဖေဖေ မသေချင်သေးဘူးကွဲ့" ခါတိုင်းဆိုလျှင် ဝမ်းသာမှုကို အလွန်အကျူး မပြတတ်သော ဖေဖေက အားရပါးရ ရယ်မောရင်းဆိုသည်။

" သံယောဇဉ်ဆိုတာက ဖြတ်ပါမယ်ဆိုမှ တိုးတိုးလာတယ် . . .။ သံသရာကို ကြောက်မိအောင် ကြိုးစားပါမှ ဘဝဟာ မက်ဖို့ ပိုပိုကောင်းကောင်းလာတယ် . . . ဟား . . ဟား . . . "

ဖေဖေ့စကားကြောင့် ကျွန်တော်ပါ လိုက်ရယ်မောမိသည်။

အားရအောင် ရယ်ပြီးမှ ဖေဖေက ဆက်သည်။

" အစကတော့ မောင့်အတွက် ဖေဖေ နောက်ဆုံးတာဝန်ကို ထမ်းပြီးရင် အေးရောထင်တာ . . .။

အင်း . . . အခုတော့ မြေးချီချင်သေးသဟေ့။ သားငယ်က မွေးတဲ့ မြေးအထွေးကို ချီချင်သေးတယ်။ တတ်နိုင်ရင် မြေးဆရာဝန်ဖြစ်တာ ကြည့်လိုက်ချင်သေးတယ်။ ဟဲ . . . ဟဲ . . . ဦးဇင်း ကြားရင်တော့ အပြစ်တင်လိုက်မယ့်အမျိုး . . . "

ဖေဖေ ကျေနပ်နှစ်သိမ့်နေသည့်နည်းတူ မေမေလည်း မြူးရွှင်နေ၏။

မေမေသည် လှိုင့်ကို ပွေ့ကာ ကြည်နူးမှုအပြည့်နှင့် တတွတ်တွတ် ဆိုသည်။

"မေမေက သမီးချောချောတစ်ယောက်ရရင် ကံကောင်းလှပြီ မှတ်တာ၊ ဟော အခု ချောချောနှစ်ယောက်ရပြီ။ ဒီမှာ ဒေါ်လှယဉ် မြိုင်နဲ့ လှိုင်ကို ရှင်မွေးထားပေမယ့် ကျွန်မသမီးတွေရှင့် သိလား . . . ကျွန်မလည်း ပိုင်တယ် "

ဒေါ်လှယဉ်က ပြုံးနေရှာ၏။

ချိုင်းထောက်ကြီးကို အားပြုလျှောက်ရသော ငြိမ်းမောင်ပင်လျှင် အထူးပေါ့ပါးသွက်လက်နေ၏။

"ဟေ့ကောင် . . . မောင်၊ ဘုရား . . . မင်းက သိပ်အံ့သြဖို့ကောင်းတဲ့လူပဲ "

"နေပါဦး ငြိမ်းမောင်ရာ၊ ငါက ဘာတွေများ အံ့သြစရာလုပ်နေလို့လဲ "

"ဟေ . . . အစက ချစ်နိုင်သူတစ်ယောက် ရှိသေးတယ်ဆိုတော့ ငါ့မှာ ဇဝေဇဝါရယ်။ အရေးပေါ်စစ်ဆင်ရေးမို့ ငါ့လူတော့ ပစ်ကွင်းမရေရာဘူး ထင်နေတာ၊ အခုမှ မင်းက မတ်(ခ်)တိုင်း(မ်) လုပ်နေပြီး ဇီးရိုးအာဝါကျမှ တားဂက်ကို ဘူး(လ်)(စ်)အိုင်းမှန်အောင် ဆပ်(ပ်)ရိုက်(စ်)ရှော့(ထ်) နဲ့ ဒါရိုက်ဟစ်(ထ်) ချတာကိုး။ ဟား . . . ဟား . . . အင့် . . . ဟင့် . . . ဟင့် "

ကျွန်တော်က သူ့စကားကြောင့် ရယ်မောပြီးနောက် ပြန်မေး၏။

"ဒါထက် မင်းတို့ကော "

ငြိမ်းမောင်၏ မျက်နှာသည် တည်သွားပြီး မျက်မှောင်က ကြုတ်သွား၏။

"ဘာလဲ ငြိမ်းမောင်၊ စောသေးတယ်လို့ ဖြေဦးမလို့လား "

ထိုအခါမှ ငြိမ်းမောင်သည် လှုပ်ရှားလာသည်။

"အေးကွာ စောသေးတယ် . . . မင်းတို့ သားဦးရရင် ငါတို့ လက်ထပ်မယ်ကွာ ဟား . . . ဟား . . . ဟား . . . ဟား . . . "

ဤသို့လျှင် အားလုံးမှာ ပျော်ရွှင်နေကြသည်။

ကျွန်တော်က ခိုင့်ကို ဂရုတစိုက် အကဲခတ်မိသည်။

ခိုင့်မျက်နှာလေးမှာ အထူးကြည်ရွှင် လန်းဆန်းနေသည်ဟု မဆိုနိုင်စေ၊ အေးချမ်းတည်ငြိမ်လျက်ရှိ၏။ မပြုံးတပြုံးနှင့်လည်း ငယ်စဉ်က အဖြစ်တစ်ရပ်ကိုဖော်၍ သူ့ညီမကို စ,သည်။

"လင်ကို ဘုရား၊ သားကို သခင် . . . တဲ့။ မြန်မာစကားပုံရှိတယ်။ လှိုင်က အဲဒါကို ငယ်ငယ်ကလေး ကတည်းက နားလည်တာ သိလား မောင် . . "

ခိုင် ဆိုလိုသည်ကို ရိပ်မိသဖြင့် ကျွန်တော်က ပြုံးနေသည်။ နားမလည်သူ လှိုင်က ခိုင်နှင့် ကျွန်တော့်မျက်နှာများကို တစ်လှည့်စီကြည့်ပြီး မေးရှာသည်။

"အဲဒါ ဘာပြောတာလဲဟင် ကိုကို . . "

"စုလှိုင် မမပြောတာ သူ့ပဲ ပြန်မေးကြည့်ပေါ့"

လှိုင်သည် စကားထာအဝှက်ခံရသော ကလေးငယ်တစ်ယောက်ပမာ ခိုင့်ဘက်လှည့်ပြီး မေး၏။

" မမခိုင် လှိုင့်ကို ဘာပြောတာလဲ . . . ဟင် . . . "

ခိုင်က တစ်ချက်ရယ်ပြီး စဉ်းစားသယောင် ငြိမ်နေသည်။

" ပြောလေ မမခိုင်၊ လှိုင်ငယ်ငယ်ကတည်းက ဘာလို့ လင်ကို ဘုရား . . . သားကို သခင် . . . လို့ နားလည်တယ်လို့ ပြောရတာလဲ . . . "

ခိုင်သည် လှိုင့်မျက်လုံးလေးများကို စူးစိုက်ကြည့်လိုက်သည်။

"လှိုင် သိပ်ကြားချင်တာပဲ၊ မဟုတ်လား "

"ကြည့်စမ်း . . . ဈေးကိုင်ပြန်ပြီ။ နို့ ဘာလို့ မမခိုင်က မပြောသလဲ . . . "

"ဩော် . . . သတိရလို့ ပြောမိတာပေါ့ လှိုင်ရယ်. . . "

" မမခိုင်ဘာသာ မမခိုင် မမေ့နိုင်ဘဲ သတိရနေ၊ ကဲ . . . စိတ်တိုလာရော၊ ပြောပါဆိုဖြင့် မပြောဘဲနဲ့ . . . ဟင်း . . . "

လှိုင်က နှုတ်ခမ်းလေးစူ၍ သူ့အစ်မကို မျက်စောင်းထိုးရင်းဆိုသည်။ ခိုင့်မျက်နှာမှာ မသိမသာလေး လှုပ်ရှားသွားသည်။

ဘေးတွင် ငြိမ်ရပ်နေသော ငြိမ်းမောင်ကပါ စိတ်ဝင်စားဟန် ဝင်မေးသည်။

"ဟုတ်သားပဲ၊ ဟေ့ မောင် . . . ခိုင်ဘာပြောတာလဲ . . "

ကျွန်တော်က ခိုင့်ကို လှမ်းကြည့်ပြီး ဆိုရ၏။

"ပြောလိုက်လေ ခိုင် . . . ခိုင်ကပဲ သွားစ,တာကိုး "

ထိုအခါမှ ခိုင်သည် ပြုံးရွှင်ရင်း ရှင်းပြသည်။

" ဟိုး . . . ရှေးရှေးက သီတင်းကျွတ်တစ်လမှာပေါ့။ ဒီတုန်းက ငြိမ်းမောင်က ဆေးရုံမှာ လဲနေတယ်။ မောင်ရယ်၊ မမခိုင်ရယ်၊ မမကြိုင်ရယ်၊ မမမြိုင်ရယ်၊ ပြီးတော့ . . . ကိုကိုရယ် မီးပွဲလျှောက်ကြည့်ကြတယ်။ မမမြိုင်နဲ့ ကိုကိုတောင် မကြိုက်ကြသေးဘူး ထင်ပါရဲ့ နော် မောင် . . . "

ကျွန်တော်က မဖြေဘဲ ငြိမ်နေသည်။ ခိုင်သည် ဘာကြောင့် ဤအကြောင်းတွေကို ပြန်ပြောရလေမှန်း မသိ။

ခိုင်ကသာ အေးအေးလူလူနှင့် ဆက်ပြောသည်။

" ပြီးတော့ တစ်အိမ်နဲ့ တစ်အိမ် လူငယ်တွေက လူကြီးတွေကို လိုက်ကန်တော့ကြတယ်။ ကိုကိုနဲ့ မောင်က ဖေဖေနဲ့ မေမေကို ကန်တော့ကြတယ်။ မမကြိုင် ခေါင်းဆောင်ပြီး မမခိုင်တို့က ဦးလေး၊ ဒေါ်ဒေါ်နဲ့ ကိုကို့ကို သွားကန်တော့ကြတာပဲ။ မမမြိုင်က အဲဒီကတည်းက ကိုကို့ကို ကန်တော့ရတယ် သိလား လှိုင်"

ငြိမ်နားထောင်နေရာမှ လှိုင်သည် မကျေနပ်ဟန် ဝင်မေး၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်
တယားပြည်နယ် လှိုင်ကော် ထောင်တွဲဇေတီ
CUPID အဆင့်မြင့်ဆောင်ရေး July, 30
09254846526 / 0973024962 /09252630878/09252630867

စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
တယားပြည်နယ် လှိုင်ကော် ထောင်တွဲဇေတီ
၁၀ – ၇ – ၂၀၁၅ မှ ၂ – ၈ – ၂၀၁၅ အထိ
သုခမိန်စာငဝ 01-253079/09 30184137/09 5155654

မမော် အိမ်၊ခြံ၊မြေဝန်ဆောင်မှု
ထောက်ကြံ့မော်ဘီ၊မင်္ဂလာဒုံ
မိုးရာသီဈေးနှုန်းသက်သာစွာဖြင့် မြေကွက်စလိုသူများ
ဆယ်ဂဏန်း မှ ရာဂဏန်းထိ ဝယ်ယူရရှိနိုင်ပါသည်။
09 43113406, 09 32306670



စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Comsumable | 8 Items | 1 Lot |
| (ခ) | Refractory | 17 Items | 1 Lot |
| (ဂ) | Lubricant | 12 Items | 1 Lot |
| (ဃ) | Dosing & Lab Chem; | 18 Items | 1 Lot |
| (င) | Chem; Reagent & Wet Method Chem; | 22Items | 1 Lot |

၂။ တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက် - ၁၀-၇-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၇-၂၀၁၅ရက်၊ ၁၄း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၆၀



"Recongnized European Master"
အရည်အချင်းပြည့်ဝသော Business Leader များအတွက်
Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ
တိုက်ရိုက်ချီးမြှင့်ပေးအပ်သော
ROBINSON Business School
Official University Partners
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT
Postgraduate Programme
MBA
Master of Business Administration
MIM
Master of International Management
Awarded by University of Information Technology & Management
DUAL Master In MBA & MIM
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသောကျောင်းသား၊ကျောင်းသူများအတွက်
BBA Bachelor of Business Administration (Management) Dip-Business Only
BBA Bachelor of Business Administration (Entrepreneural Management) Dip - Any Discipline
BBA Bachelor of Business Administration Grade 11
Free! English Class July-Intake Enroll Now!
Scholarship Available
FREE! Consultation and Entrance Test
09 4200 53536
09 431 96211
RBS City Campus 206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်ကလေးဆေးရုံကြီး(ဒဂုံမြို့နယ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ရန်ကုန်ကလေးဆေးရုံကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအား တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။
(က) အဝတ်လျှော်ဌာန ပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(ခ) တိုးချဲ့ဆောင်(၂)ခေါင်မိုးပြုပြင်ခြင်းလုပ်ငန်း
(ဂ) လူနာစောင့်နားနေဆောင် ပြုပြင်ခြင်းလုပ်ငန်း
(ဃ) ဆေးရုံပတ်လည်ခြံစည်းရိုးများပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်း၊
(င) (၁၆)ခန်းတွဲနှင့် (၆)ခန်းတွဲ အရာထမ်းအိမ်ရာပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်း၊
(၂) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၇-၂၀၁၅ရက်(သောကြာနေ့)
တင်ဒါပိတ်ရက် - ၂၇-၇-၂၀၁၅ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်အချိန် - ညနေ ၄း၀၀နာရီ
(၃) တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါ သည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး
အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

# ချောင်းမကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေး ထရန်စဖော်မာများတည်ဆောက်ပြီးစီး

**ကနီ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိပြီးနောက် ကျေးရွာများ လျှပ်စစ်မီးရရှိရေး မီးလင်းရေးကော်မတီများမှ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ကျေးရွာများကို လျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချောင်းမကျေးရွာအုပ်စု ချောင်းမ(ရ)၊ ချောင်းမ(န)နှင့် သင့်ဝင်ကျေးရွာများသည် ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် အဆိုပါ ကျေးရွာများမှ မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယခုလအတွင်း ထရန်စဖော်မာများ တည်ဆောက်ပြီးစီးကြောင်း သိရသည်။

"ကျွန်တော်တို့ မီးလင်းရေးကော်မတီများအနေဖြင့် ကျေးရွာသုံးရွာပူးပေါင်း၍ ၂၀၁၄ ခုနှစ် မေလက စတင်ကာ ပထမအကြိမ် တစ်အိမ်ထောင်ငွေကျပ် နှစ်သိန်းနှုန်းနဲ့၊ ဒုတိယအကြိမ် တစ်သိန်းကျပ်စီ ကောက်ခံရရှိငွေများနဲ့ ဇန်နဝါရီမှာကွန်က ရစ်ဓာတ်တိုင်များ စိုက်ထူပြီး လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါတယ်။

"အခု ကျွန်တော်တို့ ကျေးရွာများအရောက် တိုင်များစိုက်ထူပြီးဖြစ်ပြီး ဖေဖော်ဝါရီလဆန်းမှစပြီး ၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း ကြိုးတွေဆွဲခဲ့ရာ တိုင်းဒေသကြီးလျှပ်စစ်ရုံးမှ တာဝန်ရှိသူများနှင့် မြို့နယ်လျှပ်စစ်ရုံးက တာဝန်ရှိသူများက ကြီးကြပ်ပြီး ကျေးရွာမီးလင်းရေး ကော်မတီဝင်များနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မီးလင်းရေးကော်မတီဝင် ဦးတင်ဝင်းက ပြောသည်။

"၁၁ ကေဗွီ ဓာတ်အားကြိုးဆွဲမယ့်နေရာနဲ့ ကျွန်တော်တို့ရွာမှာ သုံးမိုင်သုံးဖာလုံ ဝေးကွာလို့ လျှပ်စစ်မီး အမြန်ရရှိရေးနဲ့ လျှပ်စစ်မီးလုံလောက်စွာရရှိအသုံးပြုနိုင်ရန်အတွက် ၁၆၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးနဲ့ ၁၀၀ ကေဗွီအေတစ်လုံး စုစုပေါင်း သုံးလုံးဝယ်ယူပြီး တစ်ရွာတစ်လုံး တပ်ဆင်အသုံးပြုမှာဖြစ်ပါတယ်။

"ကျွန်တော်တို့ ဇွန်လကုန်ကာနီးမှာ ထရန်စဖော်မာတွေ တည်ဆောက်ခဲ့ရာ အခုထရန်စဖော်မာတွေကို သုံးရွာစလုံး တပ်ဆင်ပြီးတဲ့အတွက် မကြာမီ မီးလင်းနိုင်ရေး ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ကော်မတီဝင် ဦးတင်ဝင်းက ဆက်လက် ပြောသည်။**သန်းဌေးအောင်(ကနီ)**

# မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာနှင့် အနီးအနားရှိကျေးရွာများမိုးမျှော်လျက်ရှိ

**မြင်းခြံ ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများမှ သီးနှံစိုက်တောင်သူများ မိုးမျှော်လျက်ရှိကြောင်း သိရသည်။

ယင်းဒေသတွင် မိုးမရွာသည်မှာ တစ်လကျော်ကြာမြင့်ခဲ့သောကြောင့် စိုက်ပျိုးထားသော သီးနှံများမှာ မိုးရေမရှိသည့်အတွက် အဆင်မပြေဖြစ်လာကြောင်း ယင်းဒေသခံများက ပြောသည်။

"ကျွန်တော်တို့ဒီအနီးအနားကျေးရွာတွေဖြစ်တဲ့ ရသာကျေးရွာ၊ လေးတန်းကျေးရွာ၊ လယ်ကျင်းဦးကျေးရွာ၊ ကုက္ကိုကျေးရွာနှင့် ဇီးပင်ကန်ကျေးရွာတွေမှာတော့ မိုးမရွာတာတစ်လကျော်လောက်ရှိပြီ။ နှမ်း၊ မြေပဲ၊ ပဲစင်းငုံနှင့် အခြားသီးနှံတွေကို စိုက်ပျိုးထားပါတယ်။

" မြစ်နဲ့လည်းမနီး၊ ဆည်မြောင်းများနဲ့ဝေးတဲ့နေရာမှာဆိုတော့ မိုးရေကိုသာ အဓိကထားစိုက်ပျိုးရတဲ့အတွက် မိုးမရွာတော့ သီးနှံများဖြစ်ထွန်းဖို့ အဆင်မပြေဖြစ်နေကြပါတယ်။ မြေပဲတို့၊ ပဲစင်းငုံတို့ကတော့ ရသေးတယ်။ နှမ်းကတော့ ဒီတစ်ပတ်အတွင်းမိုးမရွာရင် မအောင်တော့ဘူး၊ အပင်တွေနုတ်ပြီး နွားကျွေးရတော့မှာ။ ဒါကြောင့် မိုးရေရဖို့ မိုးမျှော်နေရပါတယ်" ဟု ဖက်ရင်း ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

အဆိုပါဒေသများသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသောကြောင့် နှစ်စဉ်မိုးနည်းလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# အကြော်ပန်းများ ကောက်ယူနေလှန်း၍ ရောင်းချခြင်းလုပ်ငန်းများ တွင်ကျယ်

**မကွေး ဇူလိုင် ၉**

မကွေးမြို့နယ်အတွင်း ကျောင်းကန်ဘုရားများနှင့် နေရာအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိသော တရုတ်စကားပင်များမှ တရုတ်စကားပန်း (ဒေသအခေါ်) အကြော်ပန်းများကို ကောက်ယူအခြောက်လှန်း၍ ရောင်းချခြင်းလုပ်ငန်းများ တွင်ကျယ်လာကြောင်း သိရသည်။

ယင်းလုပ်ငန်းမှာ ဒေသခံများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးလျက်ရှိပြီး မကွေးမြို့နယ်တွင် တရုတ်စကားပန်း(အကြော်ပန်း)များကို အဖြူနှင့် အနီဟူ၍နှစ်မျိုးတွေ့ရကာလမ်းဘေးတွင် အရိပ်ရအပင်အဖြစ်စိုက်ပျိုးလေ့ရှိရာမှ အချို့ဆိုလျှင် ခြံဝင်းအတွင်း၌ပင် စိုက်ပျိုးလာပြီဖြစ်သည်။

တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာမှ ဒေသခံတစ်ဦးက "မနက်ဆိုရင် လမ်းဘေးမှာ လိုက်ကောက်တယ်။ ပန်းခြောက် တစ်ပိဿာရဖို့ နှစ်ရက်လောက်ကောက်ပြီး နေလှန်းရတယ်။ အနီပွင့်ရော၊ အဖြူပွင့်ရော ဝယ်တယ်။ တောင်တွင်း၊ မကွေးမှာလည်း ဒိုင်ကြီးတွေရှိတယ်။ကိုယ်စားလှယ်တွေက ရွာအထိဆင်းပြီး ဝယ်တာတွေရှိတယ်။ ပန်းခြောက်တစ်ပိဿာကို ကျပ် ၅၀၀၀ ကနေ ကျပ် ၆၀၀၀ အထိ ဈေးကောင်းရတယ်။ အရင်တုန်းကတော့ အကြော်ပန်းကို အမှိုက်အဖြစ် ကောက်မယ့်သူမရှိဘူး။ အခုတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် လုတောင်ကောက်နေရပါပြီ" ဟု ပြောပြသည်။

မြန်မာနိုင်ငံအတွင်း နေရာဒေသအများအပြား၌ တရုတ်စကားပန်းခြောက်ရောင်းဝယ်မှုများ ရှိနေကြောင်း၊ တရုတ်နိုင်ငံသို့ဆေးဖော်စပ်ရန် ပို့နေရကြောင်း ပန်းခြောက်အဝယ်ကိုယ်စားလှယ်များထံမှ သိရသည်။

အညာဒေသများတွင် ရှေးယခင်ကတည်းကပင် မြန်မာ့အိမ်တွင်း တိုင်းရင်းဆေးနှင့် ဓာတ်စာအဖြစ် အကြော်ပန်းကို ရေနွေးဖျော၍ မြေပဲဆန်၊ ပုစွန်အချိုခြောက်များဖြင့် သုပ်စားခြင်း၊ ပန်းခြောက်ကို ရေနွေးကြမ်းထဲတွင် ခပ်သောက်ခြင်းဓလေ့များရှိသည်။

တရုတ်စကားပန်း(Plumeria) ကိုရုက္ခဗေဒအမည် (Plumeria Acti folia Poir)ဟုခေါ်ပြီး မူရင်းပေါက်ရောက်ရာဒေသများမှာ မက္ကဆီကို၊ ပနားမား၊ ဘာဗေးဒိုစ်နှင့် ကာရစ်ဘီယံကျွန်နိုင်ငံများဖြစ်၍ အဖြူအနီ၊ ပန်းရောင် ကိုင်းတံရှည်ပွင့်ပြီး အရောင် ရှစ်မျိုးခန့်ရှိကြောင်း၊ ၎င်းအပင်မှထွက်သည့်အစေးကို ဝမ်းနုတ်ဆေးအဖြစ် ဖော်စပ်နိုင်ကြောင်း၊ အပွင့်ကို သုပ်စားပါက ဆီးနှင့်ပတ်သက်သောရောဂါများ ပျောက်ကင်းနိုင်ကြောင်း တရုတ်စကားပင်တစ်ပင်လုံး ဆေးဖက်ဝင်ကြောင်း ဆေးပညာကျမ်းများအရ သိရသည်။

**ကျော်စွာ(မကွေး)**




ဒဂုံမြို့သစ်(တောင်ပိုင်း)
(ဆိပ်ကမ်း) မြေကွက်များ
ဝယ်လိုသည်။
ဖုန်း-၀၉-၄၃၀၇၅၁၂၉

## အမြန်ပြန်လာပါ

မြင့်မြင့်အေး အမြန်ပြန်လာပါ
အစ်မ ဒေါ်အေးစန္ဒာ
၀၁- ၉၆၆၆၁၂၀၊ ၀၉ ၅၁၁၆၇၊
အမှတ်(၈-L)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်။

## တရားချစ်ခင် သူတော်စင် အပေါင်းတို့

သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မဟာစည်-မြဝတီသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်ကြမည့် သံဃာတော်အရှင်မြတ်များနှင့် ပင့်သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၇-ခုနှစ်၊ ဒုတိယဝါဆိုလပြည့် သောကြာနေ့(၃၁-၇-၂၀၁၅)ရက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးရှိ တပည့်ဒကာ-ဒကာမ အပေါင်းတို့အား ကြွရောက်ကုသိုလ်ပြုနိုင်ကြစေရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**



# ရောဝတီမြစ်ကမ်းပါးပြိုမှုကြောင့် အိမ်ခြေ ၆၀ ခန့် ပြောင်းရွှေ့

**စလင်း ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး၌ ဒေသအတွင်းမိုးရွာသွန်းမှုအားကောင်းလာခြင်းနှင့် မြစ်ကြောင်းများပြောင်းလဲလာခြင်းတို့ကြောင့် အပေါ်ယံမြေထု သုံးပေကျော်ခန့်ရှိ၍ မြေထုအောက်နုန်းသဲများဖြင့်ဖွဲ့စည်းဖြစ်တည်ခဲ့သော သဲကမ်းပါးများမှာ နေရာအနှံ့ပြိုကျမှုများ ဖြစ်ပွားလျက်ရှိပြီး ဇူလိုင် ၆ ရက်နှင့် ၇ ရက်များအတွင်း စလင်းမြို့နယ်ရှိ ကျေးရွာများမှ အိမ်ခြေ ၆၀ ခန့်နှင့် လူဦးရေ ၂၅၀ ခန့် ကမ်းပါးပြိုမှုလွတ်ကင်းရာနေရာများသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ဇူလိုင် ၆ ရက် နံနက် ၆ နာရီမှ ညနေ ၃ နာရီထိ မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ရေပေါ်ကျွန်းလေးကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းနှင့်ပေ ၁၀၀ ခန့်ကွာဝေးသည့် အိမ်တစ်အိမ်၊ အိမ်ထောင်စုတစ်စု၊ လူဦးရေငါးဦးအား ၎င်းတို့ဝယ်ယူထားသော ဇီးဖြူပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၄၀၄) သို့လည်းကောင်း၊ သရက်ကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာအရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းနှင့်ပေ ၅၀ ခန့်ကွာဝေးသည့် အိမ်ခြောက်အိမ်၊ အိမ်ထောင်စုခြောက်စု၊ လူဦးရေ ၃၄ ဦးအား ၎င်းတို့ဝယ်ယူထားသော သရက်ကုန်းကျေးရွာအုပ်စု ဘိုကုန်းကွင်းအမှတ်(၄၆၁) သို့လည်းကောင်း ပြောင်းရွှေ့ခဲ့သည်။

ဆင်မကျွန်းကျေးရွာအုပ်စု အချင်းပြစ်မြောက်ကျေးရွာအရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းနှင့်ပေ ၁၀၀ ခန့်ကွာဝေးသည့် အိမ်ခြောက်အိမ်၊ အိမ်ထောင်စု(၆)စု၊ လူဦးရေ ၁၂ ဦးအား ၎င်းတို့ဝယ်ယူထားသော ဇီးဖြူပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၄၁၆) သို့လည်းကောင်း၊ ဇီးဖြူပင်ကျေးရွာအုပ်စု ကျူတောအလယ်ကျေးရွာနှင့် ဘိုကုန်းကျေးရွာ၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းနှင့်ပေ ၂၀၀ ခန့် ကွာဝေးသည့် အိမ်ခြေငါးအိမ်၊ အိမ်ထောင်စုငါးစု၊ လူဦးရေ ၂၃ ဦးအား ၎င်းတို့ဝယ်ယူထားသော ဇီးဖြူပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၄၀၆) သို့ လည်းကောင်း ပြောင်းရွှေ့ခဲ့သည်။

တလင်းကြီးကျေးရွာအုပ်စု တလင်းကြီးကျေးရွာအရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းနှင့်ပေ ၁၀၀ ခန့် ကွာဝေးသည့် အိမ်ခြေငါးအိမ်၊ အိမ်ထောင်စုငါးစု၊ လူဦးရေ ၁၈ ဦးအား ၎င်းတို့ဝယ်ယူထားသော တလင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၈) သို့လည်းကောင်း ရွာသူ၊ ရွာသားများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များမှ အသီးသီးဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ရာ ဇူလိုင် ၆ ရက်တွင် မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ လူနေအိမ် ၂၃ လုံး၊ မိသားစု ၉၂ ဦးတို့အား ၎င်းတို့ဝယ်ယူထားသော ကွင်းအမှတ်အသီးသီးသို့ ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ဇူလိုင် ၇ ရက် နံနက် ၆ နာရီမှ ညနေ ၃နာရီအထိ မင်းဘူးခရိုင် စလင်းမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ၏အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းပါးနှင့်ပေ ၅၀ ခန့်သာကွာဝေးသော နေအိမ် ၁၃ လုံးမှ မိသားစုဝင် ၆၈ ဦးတို့အား သရက်ကုန်းကျေးရွာအုပ်စု ဘိုကုန်းကွင်း ကွင်းအမှတ် (၄၆၁) ရှိ ၎င်းတို့ဝယ်ယူထားသော မြေကွက်အတွင်းသို့လည်းကောင်း၊ စလင်းမြို့နယ် တလင်းကြီးကုန်းကျေးရွာအုပ်စု တလင်းကြီးကုန်းကျေးရွာ၏အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းပါးနှင့်ပေ ၁၀၀ ခန့်သာကွာဝေးသော နေအိမ် ၁၀ လုံးမှ မိသားစုဝင် ၄၅ ဦးအား တလင်းကြီးကုန်းကွင်း ကွင်းအမှတ် (၆၂၈) ရှိ ၎င်းတို့ဝယ်ယူထားသော မြေကွက်အတွင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကြကြောင်းသိရသည်။

စလင်းမြို့နယ် အရှေ့ရှားတောကျေးရွာအုပ်စု၊ မရိုးကုန်းကျေးရွာ၏အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းပါးနှင့်ပေ ၁၁၀ ခန့်သာကွာဝေးသော နေအိမ်ငါးလုံးမှ မိသားစုဝင် ၂၀ အား သရက်ကုန်းအုပ်စု ဘိုကုန်းကွင်းအမှတ် (၄၆၁) ရှိ ၎င်းတို့ဝယ်ယူထားသော မြေကွက်အတွင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့သည်။

ထို့အပြင် စလင်းမြို့နယ် ဆင်မကျွန်းကျေးရွာအုပ်စု အချင်းပြစ် (တောင်/မြောက်) ကျေးရွာတို့၏အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းပါးနှင့်ပေ ၁၀၀ ခန့်သာကွာဝေးသော နေအိမ်ငါးလုံးမှ မိသားစုဝင်ရှစ်ဦးအား ဇီးဖြူပင်အုပ်စု ကွင်းအမှတ် (၄၁၆) ရှိ ၎င်းတို့ဝယ်ယူထားသောမြေကွက်အတွင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့သည်။

စလင်းမြို့နယ် သနပ်ကုန်းကျေးရွာအုပ်စု ငွေသောင်ကျေးရွာနှင့် ရွာသစ်ကျေးရွာတို့၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းပါးနှင့်ပေ ၁၄၀ ခန့်သာကွာဝေးသော နေအိမ်လေးလုံးမှ မိသားစုဝင် ၁၆ ဦးတို့အား ပျိုးခင်းကုန်းအုပ်စု ကွင်းအမှတ် (၄၆၂) ရှိ၎င်းတို့ဝယ်ယူထားသောမြေကွက်အတွင်းသို့လည်းကောင်း ကျေးရွာတာဝန်ရှိသူများ၊ အထောက်အကူပြုအဖွဲ့များ၊ ဒေသခံများဖြင့် ဝိုင်းဝန်းရွှေ့ပြောင်းနေကြောင်းသိရပြီး ဇူလိုင် ၇ ရက်အတွင်းတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခဲ့သဖြင့် စုစုပေါင်းကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၃၇ လုံး၊ အိမ်ထောင်စု ၃၇ စုမှ လူဦးရေ ၁၅၇ ဦးအား နေရာပြောင်းရွှေ့မှုများ ဖြစ်ပေါ်ခဲ့သည်။

မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဇွန် ၂၂ ရက်မှ ဇူလိုင် ၄ ရက်အထိ ပြောင်းရွှေ့ခဲ့ရသည့် ရေပေါ်ကျွန်းကျေးရွာ၊ ဇီးဖြူပင်ကျေးရွာ၊ ဆင်မကျွန်းကျေးရွာ၊ သနပ်ကုန်းကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ အရှေ့ရှားတောကျေးရွာနှင့် တလင်းကြီးကုန်းကျေးရွာတို့မှ ပြောင်းရွှေ့နေအိမ် ၈၀ လုံးအတွက် လူမှုကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှထောက်ပံ့သည့် ကျားဝတ်လုံချည် ၈၀ ထည်၊ မဝတ်လုံချည် ၈၀ ထည်၊ မျက်နှာသုတ် ပဝါ ၈၀ ခုနှင့် ကာဘော်လစ်ဆပ်ပြာအတောင့် ၈၀ တို့အား စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့မှ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ပြောင်းရွှေ့အိမ်ထောင်စု မိသားစုများထံ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရပြီး ကျန်ရှိနေသောပြောင်းရွှေ့ပြည်သူများအား အကူအညီပေးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများထံမှ သိရသည်။ **ဇေယျာတု(မကွေး)**

## ရေဝပ်ရေအိုင် ကင်းစင်စေရေးအတွက် တူးဖော်ဆောင်ရွက်မှု ကြန့်ကြာနေ

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း ရေဝပ်ရေအိုင်ကင်းစင်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် အနောက်ပိုင်းခရိုင်ခွဲ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ခရိုင်မှူး ဦးကံညွန့်၊ မြို့နယ်တာဝန်ခံဦးခင်မောင်အေး (လမ်းနှင့်တံတား) ဌာနမှ တာဝန်ရှိသူများသည် ပေအရှည် ၁၁၂၀၀ ရှိ သာယာကုန်းချောင်းကို ဧပြီ ၅ ရက်မှစတင်ကာ လက်ရှိအချိန်ထိ Amphious သောင်တူးစက်တစ်စီး၊ မြေတူးစက် Long Arm တစ်စီး၊ မြေတူးစက် အသေးသုံးစီးတို့ကို အသုံးပြုလျက် နုန်း၊ အမှိုက်၊ မြက်များကို တူးဖော်ဆယ်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ဆယ်ယူရာတွင် အကျယ်ပေ ၂၀၊ အနက် ၈ ပေ၊ စုစုပေါင်း ပေ ၆၁၀၀ အထိ ဆောင်ရွက်ခဲ့သော်လည်းပီမိုးနင်းလမ်းမှ ဗိုလ်ချုပ်လမ်းအထိ လူနေကျူးကျော်ဆိုင်ခန်း၊ နေအိမ်တချို့ကြောင့် ပေ ၂၅၀၀ ခန့် ဆက်လက်တူးဖော်ဆောင်ရွက် ခြင်းမရှိသလို မြို့ဦးစေတီအနီးမှ ကျန်စစ်သားလမ်းထိပ်ပေါက်အထိ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပေ။

ကျူးကျော်တဲအိမ်အချို့တို့အပြင် ဖွံ့ဖြိုးအောင်အိမ်ရာစီမံကိန်းမြေ အကွက်ရိုက်ချထားမှုတို့ကြောင့် သာယာကုန်းချောင်းသည် ပေ ၂၀ အထိ ကျယ်ဝန်းသော်လည်း အဆိုပါနေရာတို့၌ သုံးပေခန့်သာ ရေမြောင်းငယ်အဖြစ် ကျန်ရှိနေ၍ ပေ ၂၅၀၀ ခန့် ဆက်လက်တူးဖော်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့နေရသည်။

ယင်းကြောင့် ရပ်ကွက် ကျေးရွာအတွင်း မိုးများကာလတွင် ရေဝပ်ရေအိုင်များဖြစ်ပေါ်၍ မလိုလားအပ်သည့် ရောဂါများ ကြုံတွေ့ခံစားရခြင်းမရှိစေရေးအတွက် အဓိကကျသည့် မြစ်ထွက်ပေါက်ချောင်းအချို့ဖြစ်သည့် အင်းဂလိုင်ချောင်းကြီးများ ရေနုတ်အားကောင်းမွန်ရန် မဖြစ်မနေတူးဖော်ရှင်းလင်းဆောင်ရွက်ရမည်ဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်ရာ၌ အဟန့်အတားဖြစ်စေမည့် ကိစ္စရပ်များကို မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူး များကတာဝန်သိစွာဖြင့် ပူးပေါင်းကူညီဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်းလှိုင်သာယာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးက ပြောကြားခဲ့သည်။၎င်းက သက်ဆိုင်ရာဌာန တာဝန်ရှိသူ များထံသို့အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမည်ဟု ပြောသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

"စက်မှုဝန်ထမ်းဟောင်းများအသင်း"
၂၀၁၅ ခုနှစ်၊ နှစ်ပတ်အသင်းသားစုံညီအစည်းအဝေး
နှင့်
အလှူငွေပေးအပ်ပွဲဖိတ်ကြားလွှာ

စက်မှုဝန်ကြီးဌာန၊ ယခင် အမှတ်(၁)နှင့် (၂)တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများအပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ နှစ်ပတ်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည် ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ရပ်နီးရပ်ဝေးဒေသအနှံ့အပြားမှာ ရောက်ရှိနေကြသည့် စက်မှုဝန်ထမ်းဟောင်းများအားလုံး တက်ရောက်ကြပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက် (စနေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၀၉:၀၀) နာရီ |
| ကျင်းပမည့်နေရာ | - | စက်မှုမေ့ရုံ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၇၅၀၈၆ |

အမှုဆောင်အဖွဲ့
စက်မှုဝန်ထမ်းဟောင်းများအသင်း

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၆၂)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ)၊ မြေကွက် အမှတ်(၃/က/၂-ဘီ) လန(၃၁) ရရှိပြီးမြေပိုင်မြေကွက်၊ မြေဧရိယာ(၀. ၀၇၁)ဧကနှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၂-က/၁)၊ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နုနုတင့်( ၁၂/မရက(နိုင်)၀၈၁၀၂၆) ကိုင်ဆောင်သူထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၅၁/၂၀၁၅)ဖြင့်လွှဲပြောင်းရယူပြီးတရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ငေါ်ဆွေခင်(ခ)ဒေါ်လဲ့လဲ့ခိုင်(၇/တငန(နိုင်)၀၆၃၅၈၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။သို့ပါ၍ အဆိုပါ မြေကွက် နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နှေ့ နောက်ပိုင်းတွင် စာချုပ်စာတမ်းကိစ္စရပ်များကို ဥပဒေနှင့်အညီ တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
အထက်တန်းရှေ့နေ — တရားလွှတ်တော်ရှေ့နေ

| ဒေါ်နန်းဆင့်ဆင့်ထွန်း | ဦးမင်းလွင်ထူး | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
|---|---|---|---|
| (LL.B) | (LL.B) | (LL.B,D.B.L,D.M.L,D.I.L) | (LL.B,D.I.L) |
| (စဉ်-၃၀၃၃၅) | (စဉ်-၂၁၂၉၆) | WIPO,DL.101Switzerland | DL-101(WIPO)Geneva |
| | | (စဉ်-၈၅၅၈) | (စဉ်-၉၁၃၃) |

[illegible] အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း - ၀၉-၇၃၀၅၄၅၄၂ ၊၀၉-၇၃၄၉၄၃၄၃၊ ၀၉-၇၃၁၆၁၆၇၂

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
အမှတ်စဉ် (၁၀) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ Certificate သင်တန်းအမှတ်စဉ် (၁၀)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။
၂။ သင်တန်းကာလ(၆)လကြာမြင့်ပြီး ၂၀၁၅ခုနှစ် ဩဂုတ်လ (၁၅)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှတစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း နှင့် မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် BBA ဘွဲ့အထိ ပညာချွန်ဆု လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ် ဖုန်း - ၀၉၄၂၀၁၃၁၇၃၀၊ ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၅၀၇၁၅၁/၅၂၊ ၀၉၄၂၀၂၅၄၈၃၂

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၁/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-031(15-16) | Electrical Spares for ZJ 50D Drilling Rigs (36)Items | US$ |
| (၂) | IFB-032(15-16) | Spares for CNG Retest Factory (36)Items | US$ |
| (၃) | IFB-033(15-16) | Spares for Oxygen Generator, Oxygen Purifier and Oxygen Compressor(10) Items | US$ |
| (၄) | IFB-034(15-16) | 13 5/8"x 5K Double Ram BOP (1) Unit | US$ |
| (၅) | IFB-035(15-16) | Spares for Mack Oil Field Truck(21)Items | US$ |
| (၆) | IFB-036(15-16) | Spares for Hydraulic Power Station | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**




## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကံကြီးထောင့်မြို့နယ်၊ ဆပ်ကွင်းကျေးရွာနေ ဦးအောင်ထိန်ဝင်း၏သမီး ဆပ်ကွင်းအထက ပထမတန်းမှ မဖြူစင်ဝင်းအား မသွန်းနဒီစံဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မသွန်းနဒီစံ**

## မြန်မာကော်ဇွန်– ကူမွေဏီ

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* ဖမ္မရာ အမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကားရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317 /202921 /09-8627489






# ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် (၁၃)ဦးဖြစ်ကြသော **မအိမ့်မှူးဟန်ကျော်** (ဆဗဟ-၇၃)၊ **မောင်မင်းခန့်**(ဆဗဟ-၁၀၆)၊ **မဟေမာန်ထက်** (ဆဗဟ-၁၈၃)၊ **မောင်တင်ဦးလွင်** (ဆသက-၁၈၅)၊ **မောင်နေသွေးနိုင်** (ဆရက-၂၃၀)၊ **မရှင်မိုးအိ** (ဆဗထ-၂၉၈)၊ **မပန်းဖြူဖြူမွေး**(ဆကရ-၃၀၀)၊ **မယမင်းအဥ္စလီ** (ဆဗဟ-၃၃၃)၊ **မခင်နှံ့သာဝေ** (ဆကရ-၃၅၆)၊ **မမြတ်မို့မို့အောင်** (ဆရက-၃၆၀)၊ **မကြည်ဇာသင်း** (ဆဗဟ-၃၇၅)၊ **မမိုးစင်ကြယ်** (ဆကရ-၆၁၄)၊ **မအေးချမ်းဖြူ** (ဆကရ-၇၁၂) အပါအဝင် ငါးဘာသာဂုဏ်ထူးရှင်(၁၇)ဦး၊ လေးဘာသာဂုဏ်ထူးရှင် (၁၁)ဦး၊ သုံးဘာသာဂုဏ်ထူးရှင် (၁၄)ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်(၈)ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် (၁၃) ဦးတို့အတွက် သက်ဆိုင်ရာမိဘများနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ကျောက်ကုန်းစာသင်ဝိုင်း**

**အမှတ်-၆(က)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

ဖုန်း-၀၉-၂၅၄၀၆၄၄၂၇၊ ၀၉-၅၁၁၆၂၃၀၊ ၀၉-၅၁၁၆၂၃၂



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာန၊ ရွာမ(၂၄၀) ဓာတ်အားပေးစက်ရုံ Station Auxiliary Power အတွက် 33/6.9KV, 10MVA X'mer (၁)စုံတည်ဆောက်ရာတွင် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၀-၇-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်** | - ၇-၈-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - ၁၄း၀၀နာရီ |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



# သင်္ချိုင်း ဦးအောင်သောင်း

၂တန်း မှ ၁၁တန်းအထိ သင်္ချိုင်း တစ်ဘာသာတည်း သန့်သန့်
( ၇၀ ) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း:- 095192923 - 01246108 - 09263455828



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)14/MR(ML) 2015-2016 | စက်ပစ္စည်း (၄)မျိုး ဝယ်ယူရန် (Lathe Machine, Argon Gas Welding Machine, Hydraulic Table Lifter, Hack Sawing Machine) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၀.၈.၂၀၁၅ ( တနင်္လာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၀.၇.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- 291985, 291994



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
### ဆေးပညာဒီပလိုမာသင်တန်းများဝင်ခွင့်လျှောက်လွှာပိတ်မည့်ရက်တိုးမြှင့်သတ်မှတ်ခြင်း

ရက်စွဲ။ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၇ ရက်

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ၊ ကလေးကျန်းမာပညာဒီပလိုမာ၊ ရောဂါဗေဒဒီပလိုမာ၊ မေ့ဆေးပညာဒီပလိုမာ၊ ဓာတ်မှန်ပညာဒီပလိုမာနှင့် အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာ သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များနှင့် ပြင်ပဆရာဝန်များအား ၂၆-၆-၂၀၁၅ ရက်၊ နေ့စဉ်ထုတ်သတင်းစာများတွင် လျှောက်လွှာခေါ်ယူထားခြင်းအပေါ် လျှောက်လွှာပိတ်မည့်ရက်ကို မူလသတ်မှတ်ထားသည့် ၁၀-၇-၂၀၁၅ ရက် (သောကြာနေ့)အစား ၂၀-၇-၂၀၁၅ ရက် (တနင်္လာနေ့)သို့ ရက်တိုးမြှင့်သတ်မှတ်၍ လျှောက်လွှာများ လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မှတ်ချက်။ စာမေးပွဲဖြေဆိုမည့်ရက် ပြောင်းလဲမည်မဟုတ်ကြောင်း တစ်ပါတည်းကြေညာအပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၃) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။**



# Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | နေပြည်တော်
မင်္ဂလာစံပြ | Top Royal | ဝင်းလိုက် | မြို့မ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ

**ဤအရာကိုအချစ်ဟုခေါ်သလား**
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal
မန္တလေး - ဝင်းလိုက်၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

**TERMINATOR GENISYS(3D)**
ရန်ကုန် - နေပြည်တော်(၁) မင်္ဂလာ(၂)၊ မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း မြို့မ(နံနက် ၁၀း၀၀)နာရီ
ပြည် မင်္ဂလာထွန်းသီရိ

**JURASSIC WORLD (3D)**
ရန်ကုန် ရွှေဆောင်(၁)
မန္တလေး မင်္ဂလာဒိုင်းမွန်း၊

**MAD MAX FURY ROAD(3D)**
ရန်ကုန် - နေပြည်တော်(၂)

**GHOST COINS**
ရန်ကုန် - ရွှေဆောင်(၂)

**PITCH PERFECT 2**
ရန်ကုန် နေပြည်တော်(၃)

**KEEP RUNNING SIR,YES SIR!**
ရန်ကုန် - မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း၊

**MAKE MESHUDDER 3**
ပြည် - မင်္ဂလာထွန်းသီရိ

**၁၀ . ၇ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ**

ပွဲချိန်သတ်မှတ် - ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ







Since 1996
Home
think of House, think of Home

( ၉.၇.၂၀၁၅ ရက်နေ့ မှ ၁၂.၇.၂၀၁၅ ) ရက်နေ့ အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ တွင် ကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲကြီးတွင် လာရောက်လေ့လာ ဝယ်ယူမည့် Customer များအတွက်

ပါကေးအစားထိုး ကြမ်းခင်း



BUY
Floor ၃ ကျင်း



GET 1 Box !!
လက်ဆောင်

အထူးလက်ဆောင် အခွင့်အရေး

** ပြပွဲကာလ အတွင်းသာ
** Selected Items Only

ဖုန်း - ၀၉ ၇၉၅၈ ၉၉၉ ၃၀၊ ၀၉ ၇၉၅၈ ၉၉၉ ၃၁

# ဂုဏ်ယူဝမ်းမြောက်ခြင်း

NIBBAN ELECTRIC & ELECTRONIC အနေဖြင့် ၂၀၁၅ခုနှစ်၊ မေလ ၁၅ရက် နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု (ကုန်ထုတ်လုပ်မှု) တတိယဆုနှင့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့တွင်ကျင်းပပြုလုပ်ခဲ့သော (၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ် ညီလာခံတွင် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်မှ ချီးမြှင့်သော ASEAN Outstanding Engineering Achievement Award For Year 2014(For Local Design and Manufacturing of Appropriate Technology Products)ဆုကို ထိုက်တန်စွာ ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် NIBBAN ELECTRIC & ELECTRONIC အနေနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဆန်းလွင်ဦး-ဒေါ်မြမြ**
**အရှေ့သံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်**







ကြော်ငြာ



## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၏ (၄၉)ကြိမ်မြောက် ရှုလိုင်လ(၁၈၊ ၁၉) ဦးရေ(၆၃၀၀)ပြည့် အလင်းဒါနအစီအစဉ်တွင်

ဦးစိုးညွန့် + ဒေါ်ခင်ကြည် (ကြာညိုပန်းမိသားစု)၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ က ကျပ်သိန်း (၄၀) လှူဒါန်းခြင်းကို လည်းကောင်း၊

ဦးကျော်လှမြင့် + ဒေါ်ခင်မြနု (မိုးမြင့်စံ မိသားစုဆောက်လုပ်ရေး) မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းတို့က ကျပ်သိန်း (၁၀) ကိုလည်းကောင်း၊ မျက်စိဒေသနာရှင်တစ်ဦးခွဲစိတ်ခြင်း ကုန်ကျအလှူငွေတော် ကျပ် ၄၀၀၀၀/- အတွက် အလင်းဒါနအလှူရှင် အဖြစ်စံယူ၍ ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းကြသည်ကို ဂုဏ်ပြုမှတ်တမ်းတင် ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာန - ရွှေပြည်ဟိန်းကျောင်း**


**သီတဂူ-ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ - ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း။**

**[ကျိုက္ကသံရှုပါဝင်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉**

**ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်မေဓာဝီရိယကံရ** (AccountNo.0073020070169O301)



## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း





**Your nominee has been Commended!**

As you know, **Toe Wai Linn** was selected to proceed to our final judging day for this year's National BTEC Awards.
Our judges were extremely impressed by the quality of all of the finalists and have classified **Toe Wai** as a Commended Runner-up in the **Outstanding BTEC International Student of the Year** award category.
We received over **800 nominations** this year and given the fantastically high standard of those nominations, this really is a **significant achievement.**

Best wishes,
**The National BTEC Awards Team**



### Pearson International BTEC Award - ကမ္ဘာ့ဒုတိယဆု

Pearson မှ ချီးမြှင့်သော နိုင်ငံတကာထူးချွန်ကျောင်းသား (Pearson International BTEC Award 2015) ဆု ကို တစ်ကမ္ဘာလုံးရှိ HND Center များထဲမှ California Unitec မှ မောင်တိုးဝေလင်းသည် ကမ္ဘာ့ဒုတိယဆုကို ရရှိသဖြင့် California Unitec နှင့် သင်ကြားပေးသော ဆရာ၊ ဆရာမများအား အထူးကျေးဇူးတင်ပါသည်။

မိဘများ - ဦးကျော်ကျော် + ဒေါ်ခင်ခင်ငွေး

### Pearson BTEC High Achiever Award 2015 – Myanmar

ဆက်လက်၍ မြန်မာနိုင်ငံအတွက် Pearson မှ ချီးမြှင့်သော Pearson BTEC High Achiever Award 2015 ထူးချွန်ကျောင်းသားဆုကို California Unitec မှ မောင်တိုးဝေလင်း နှင့် မောင်မင်းသူရိန်သန့် တို့မှ ရရှိသွားသောကြောင့် California Unitec နှင့် သင်ကြားပေးသော ဆရာ၊ ဆရာမများအား အထူးကျေးဇူးတင်ပါသည်။

မိဘများ - ဦးကျော်ကျော် + ဒေါ်ခင်ခင်ငွေး ၊ ဦးသန့်စင် + ဒေါ်နွယ်နွယ်ဝင်း





## CALIFORNIA UNITEC
### Institute of Engineering

edexcel
Approved Centre No. 93845

15th July 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

### BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျာမနီ၊ဂျပန်၊စင်္ကာပူ၊ထိုင်း) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့ လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44

www.californiaunitec.com www.facebook.com/californiaunitec

PUN HLAING SILOAM HOSPITALS

## ရင်သားနှင့်ပတ်သက်သောစမ်းသပ်စစ်ဆေးမှုအားလုံးကို တစ်နေရာတည်းမှာ ပြုလုပ်နိုင်ပြီ...

ရင်သားကင်ဆာရောဂါကိုကြိုတင်သိရှိကုသနိုင်ရန်အတွက် **အမေရိကန်နိုင်ငံမှ နိုင်ငံတကာ အတွေ့အကြုံရှိရင်သားဓါတ်မှန်နှင့်ပုံရိပ်ဖော်ဆရာဝန်ကြီးများ** *(Breast Imaging Sepcialists)* မှ ပန်းလှိုင်စီလုံဆေးရုံကြီးတွင်စမ်းသပ်စစ်ဆေးပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။



Hot Line No-0930500100

# ရွာမ-လှော်ကား-သာကေတ လက်မ ၃၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ဆောင်ရွက်မှု ဩဂုတ်လတွင် ပြီးစီးမည်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးပို့နိုင်ရန်အတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖြစ်သည့် ကံပေါက်-မြိုင်ကလေး-ရန်ကုန် လက်မ ၂၀ နှင့် ဒေါ်ငြိမ်း-ရန်ကုန် ၂၄ လက်မပိုက်လိုင်းတို့မှ ရရှိသော သဘာဝဓာတ်ငွေ့များကို ရွာမ-လှော်ကား-သာကေတ သဘာဝဓာတ်ငွေ့ထိန်း-ဖြန့်စခန်းအထိ လက်မ ၃၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ၃၅ မိုင် ဆက်သွယ်ခြင်းလုပ်ငန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ်လတွင် ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းပိုက်လိုင်းသစ်သည် လက်ရှိအသုံးပြုလျက်ရှိသော ရွာမ-လှော်ကား-သာကေတ ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်းနှင့်အပြိုင် ဆက်သွယ်ခြင်းဖြစ်သည်။ ထိုသို့ ဆက်သွယ်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန်နှင့် ပိုက်လိုင်းဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ပိုက်လိုင်းကို မြေအောက် သုံးလက်မအနက်တွင် မြှုပ်၍ မြေမျက်နှာပြင်များအတိုင်းဖြစ်စေရန် ပြန်လည်မြေဖို့ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွာမ-လှော်ကား-သာကေတ လက်မ ၃၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၉၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀၀ စုစုပေါင်း ငွေကျပ်သန်း ၂၂၀၀ ကို နိုင်ငံတော်က အကုန်အကျခံ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြီးတင်သွယ်တန်းထားခြင်းဖြင့် နောင်အနာဂတ်တွင် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ပိုမိုထွက်ရှိပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

## ယနေ့ မာတိကာ


မိုးလား၊ လေလား သတိထား
စာမျက်နှာ - ၂

နာဂစ်ကြီးမြို့ အထူးမြူပုံးကြံခံရမှု အထိမ်းအမှတ်တံဆိပ်ခေါင်း ထုတ်လုပ်ရောင်းချ
စာမျက်နှာ - ၄

အနိမ့်ဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ဖို့ အချိန်သင့်ပြီလား
စာမျက်နှာ - ၆

မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ဖွင့်လှစ်နိုင်ရေး တပ်မတော်က နယ်မြေရှင်းလင်း
စာမျက်နှာ - ၉

သစ်ခွဲသားများကို ဆိုင်ကယ်များဖြင့် သယ်ယူရောင်းချ
စာမျက်နှာ - ၁၄




ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံတွဲ-ဂွလမ်း မိုင်တိုင်(၂၆/၆)မှ (၂၇/၁)အကြား တံတားအမှတ် (၁၀/၂၇) ပေ ၄၀ ကွန်ကရစ်တံတားပျက်စီးခဲ့ခြင်းကို ယာယီဘေလီတံတား အစားထိုးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ *(သတင်း စာမျက်နှာ - ၅)*

(ဓာတ်ပုံ - ဆောက်လုပ်ရေး)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်သို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။


(ကြေးမုံ)

## စင်ကာပူဖိတ်ခေါ်စက်ဘီးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၉**

ဩဂုတ် ၂၉ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲကို ဇူလိုင် ၂၅ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိစက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံလိုသူများ ဖုန်းနံပါတ် ၀၉-၂၅၀၂၀၅၆၅၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



themirror.npt@gmail.com
www.facebook.com/themirrordaily